# ကရင်အမျိုးသားခေါင်းဆောင်ကြီးများ




# မျှော်မှန်းချက်

စာဖတ်အားနည်းသည့် ယနေ့ကာလတွင် ပြည်တွင်းပြည်ပ ပယောဂ ရိုက်ခတ်မှုများကြောင့် ဆောက်တည်ရာမရ ပန်းတိုင်ပျောက်ဆုံးပြီး လေယူရာတိမ်းနေကြသော သူများမိမိတို့၏အမျိုးသားရေးအတွက် နည်းမှန်လမ်းမှန် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဤစာအုပ်ငယ်သည် အတိုင်းအတာတစ်ခုအထိ အကျိုးသက်ရောက်မှုရှိမည်ဟု ယုံကြည်ပါသည်။

မျိုးဆက်သစ် လူငယ်လူရွယ်များ သွေးစည်းညီညွတ်ရေး မိမိတို့လူမျိုး၏ အမျိုးသားရေးလက္ခဏာ စံတန်ဖိုးများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းစဉ်တို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားခေါင်းဆောင်ကြီးများ၏ စွန့်လွှတ် အနစ်နာခံပေးဆပ်ခြင်း၊ အမျိုးသားရေးအတွက် လှုပ်ရှားဆောင်ရွက်မှု နမူနာကောင်းများကိုအတုယူပြီး မိမိတို့လူမျိုးရှင်သန်ရပ်တည်ရေးနှင့် စည်ပင်ဝပြောတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍက တက်ကြွစွာ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအပြင် ရပ်မိရပ်ဖ လူကြီးသူမ ဆရာသမားများကလည်း လူငယ်များအား အသိပညာပေး ထိန်းကျောင်းရာ၌ ဤစာအုပ်ငယ်သည် အထောက်အကူပြုနိုင်ပေလိမ့်မည်။

ဤစာအုပ် ပုံနှိပ်ရေးအတွက် စေတနာအလျောက် အလှူငွေထည့်ဝင်ပေးကြသော ရဟန်းရှင်လူ အလှူရှင်များအား ကျေးဇူးဥပကာယတင်ခြင်းနှင့်အတူ အနာဂတ်ကာလတွင် မျိုးချစ်စိတ်ရှင်သန်ထက်မြက်သော အရည်အသွေးပြည့်ဝပြီး အမျိုးသားအပေါ် သစ္စာစောင့်သိသော လူငယ်များပိုမိုတိုးပွားလာစေရေးအတွက် အင်တိုက်အားတိုက် ဆက်လက်ဝိုင်းဝန်းကူညီပံ့ပိုးကြစေလိုပါသည်။



## ၁။ စောဂျွန်ဆင်ဒီဖိုးမင်း

## (ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ရရှိရေးအတွက် တောင်းဆိုခဲ့သော အောက်လွှတ်တော်အမတ်)

စောဂျွန်ဆင်ဒီဖိုးမင်းကို တောင်ငူမြို့၊ စစ်တောင်းမြစ်အရှေ့ဘက်ခြမ်း၊ ကသဲစုရွာနေ (အဖ)ဒေါက်တာ ဒါမေဖိုးမင်း၊ (အမိ) နော်ဆယ်ဖောတို့က ၁၉၀၄ ခုနှစ် ဧပြီလ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့တွင် မွေးဖွားခဲ့သည်။ ဩရသ သားကြီးဖြစ်သည်။ ရန်ကုန် ဂျပ်ဆင်ကောလိပ်တွင် L.A Senior အောင်မြင်သည်အထိ တက္ကသိုလ်ပညာကို ၂ နှစ် ဆည်းပူးခဲ့သည်။ နော်သေးဖြူနှင့် အိမ်ထောင်ကျပြီး သားသမီး ၁၁ ယောက် ထွန်းကားခဲ့သည်။ ၁၉၃၆ ခုနှစ် နိုဝင်ဘာလအတွင်း ပြုလုပ်ကျင်းပသော ရွေးကောက်ပွဲတွင် စောဂျွန်ဆင်ဒီဖိုးမင်းသည် တောင်ငူခရိုင်မှ ကရင်နှင့် တောင်သူလူမျိုးများကို ကိုယ်စားပြုသော ပါလီမန်အမတ်တစ်ဦး ဖြစ်လာသည်။ ကရင်တစ်မျိုးသားလုံး၏ လိုအပ်ချက်ဖြစ်သော ကရင်နှစ်သစ်ကူးနေ့ကို အစိုးရအသိအမှတ်ပြု တရားဝင်ရုံးပိတ်ရက် တစ်ရက်အဖြစ် "ဒေါကလူ"အသင်း(ကရင်တစ်မျိုးသားလုံးအသင်း)၏ ဆုံးဖြတ်ချက်အရ ကြိုးစားခဲ့ကြသော်လည်း အောင်မြင်ခဲ့ခြင်း မရှိသေးသည့် ယင်းကိစ္စအား ကရင်အမတ်တစ်ဦးဖြစ်သူ စောမြတ်သိန်းနှင့် တိုင်ပင်ပြီး အခြားသော တိုင်းရင်းသား ကိုယ်စားလှယ် ခေါင်းဆောင်အားလုံးတို့၏ ထောက်ခံမှုဖြင့် ကရင်နှစ်သစ်ကူးနေ့ အရေးကိစ္စမှာ အောင်လံ ထူနိုင်ခဲ့ပါသည်။ ကရင်အမျိုးသား ကိုယ်စားပြု အမတ်တစ်ဦးအဖြစ် မိမိတက်ရောက်သော လွှတ်တော် အစည်းအဝေး၌ ကရင်ပြည်နယ်တစ်ခု သတ်မှတ်ပေးရေးကို အရေးဆိုတင်သွင်း တောင်းဆိုခဲ့ပါသည်။ ၎င်းနောက် ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် စုံစမ်းရေးကော်မရှင်အဖွဲ့၏ အစီရင်ခံစာပါ နယ်နိမိတ်အတိုင်း လွှတ်တော်အစည်းအဝေးက ကရင်ပြည်နယ်အဖြစ် သတ်မှတ်အတည်ပြုပေးလိုက်သည်။



## ၂။ စောဆစ်ဒနီလူနီ

## (ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ရရှိရေးအတွက် တောင်းဆိုခဲ့သော အောက်လွှတ်တော်အမတ်)

စောဆစ်ဒနီလူနီကို ရန်ကုန်မြို့ အလုံကရင်ခြံ၌ အဖ စောလူနီနှင့် အမိ နော်ကလယ်ရာလူနီတို့က ၁၈၈၂ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် မွေးဖွားသည်။ ပညာအရည်အချင်းမှာ ဝတ်လုံဘွဲ့ရဖြစ်ပါသည်။ သူသည် လွှတ်တော်အမတ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်တက္ကသိုလ် အရန်သဘာပတိ၊ ကျောင်းအုပ်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့ဝင်၊ ပြည်ထောင်စုဘဏ် ဘုတ်အဖွဲ့ဒါရိုက်တာ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားဆရာမများ ဗဟိုကောင်စီဝင်၊ ဝိုင်အမ်ဘီအေအသင်းကြီး၏ ရာသက်ပန်ဥက္ကဋ္ဌ စသည့်တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၎င်းတာဝန်များအပြင် မြန်မာနိုင်ငံအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲသည့် အရေးကိစ္စများတွင် ကရင်အမျိုးသားခေါင်းဆောင်တစ်ဦးအနေဖြင့် ပါဝင်ခွင့်ရရှိခဲ့သည်။

၁၉၃၆ ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်သည့် ဥပဒေပြု ရွေးကောက်ပွဲတွင် စောဆစ်ဒနီလူနီသည် ပုသိမ်အနောက် သီးသန့်ကရင်မဲဆန္ဒနယ်၏ အမတ်ဖြစ်လာသည်။ ၎င်းနောက် အောက်လွှတ်တော်ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ခဲ့ဖူးလေသည်။ ဒေါကလူ (ကရင်တစ်မျိုးသားလုံး) အသင်းချုပ်ကြီးနှင့် လွှတ်တော်တွင်းရှိ ကရင်အမတ်များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် ၁၉၃၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် တရားဝင်ကရင်နှစ်သစ်ကူးနေ့ ကျင်းပခွင့်ရရှိသည်။

ဤသို့ဖြင့် ခရစ်နှစ် ၁၉၃၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်၊ ကရင်နှစ် ၂၆၇၈ ခုနှစ် သလေးထိုင်ခုတ်ဖို လဆန်း ၁ ရက် ကရင်နှစ်သစ်ကူးနေ့တွင် အသံလွှင့်မိန့်ခွန်း သဝဏ်လွှာပေးပို့သည့် ကရင် အမျိုးသားခေါင်းဆောင် ၅ ဦးအနက် စောဆစ်ဒနီလူနီမှာ တစ်ဦးအပါအဝင်ဖြစ်ပါသည်။ ၁၉၆၀ ခုနှစ်များအလွန် အသက် ၈၀ အရွယ်တွင် ရန်ကုန် အလုံရှိ ဦးလူနီလမ်းနေအိမ်တွင် ကွယ်လွန်သည်။



# ၃။ မန်းဘခိုင်

## (ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ရရှိရေးအတွက် တောင်းဆိုခဲ့သော အောက်လွှတ်တော်အမတ်၊ အာဇာနည်ခေါင်းဆောင်)

အာဇာနည်ခေါင်းဆောင် ဝန်ကြီးမန်းဘခိုင်သည် ၁၉၀၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ဟင်္သာတမြို့အပိုင် ယုန်သလင်းရွာ၌ မွေးဖွားခဲ့သည်။ မိဘနှစ်ပါးမှာ မန်းပေကုန်းနှင့် ဂဲ့ပုတို့ဖြစ်ကြသည်။ မွေးချင်း ၁၀ ဦးရှိသည်။ ကရင့်ရေးရာဝန်ကြီးနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ သတိုးသီရိသုဓမ္မာ မန်းဘဆိုင်သည် မန်းဘခိုင်၏ ညီဖြစ်သည်။ မန်းဘခိုင်သည် ငယ်စဉ်က ဟင်္သာတမြို့ အေဘီအမ်(ABM) အထက်တန်းကျောင်းတွင် ပညာ ဆည်းပူးခဲ့သည်။ ၉၁ ဌာနအုပ်ချုပ်ရေးခေတ် ၁၉၃၇ ခုနှစ်တွင် ပုသိမ်မြောက်ပိုင်း မဲဆန္ဒနယ်မှ အောက်လွှတ်တော်အမတ်တစ်ဦး ဖြစ်လာသည်။ ၁၉၃၈ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့ကို တရားဝင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အဖြစ်ရရှိရန် ကြိုးပမ်းဆောင်ရွက်ကြရာတွင် အောက်လွှတ်တော် ကရင်အမတ်တစ်ဦးအဖြစ်လည်းကောင်း၊ "ဒေါကလူ" အသင်း၏ အမှုဆောင်လူကြီး တစ်ဦးအဖြစ်လည်းကောင်း မန်းဘခိုင်ပါဝင်ခဲ့သည်။ ၁၉၃၉ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး စတင်လာသောအခါ မန်းဘခိုင်သည် ယုန်သလင်းရွာတွင် ပြန်လည်နေထိုင်သည်။

ဗမာ့ထွက်ရပ်ဂိုဏ်း၏ အတွင်းရေးမှူးဖြစ်လာသော သခင်အောင်ဆန်းနှင့် သခင်များသည် မြန်မာနိုင်ငံတစ်ဝန်း လှည့်လည်၍ ဗြိတိသျှဆန့်ကျင်ရေး တရားဟောပြောကြရာ ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံ၌ အရေးပေါ်ကာကွယ်ရေး ဥပဒေကိုလည်း ထုတ်ပြန်၍ သခင်နှင့် ကျောင်းသားခေါင်းဆောင်များကို တရကြမ်းဖမ်းဆီးလေသည်။ သခင်အောင်ဆန်းသည် ဟင်္သာတမြို့ပေါ်၌ ဗြိတိသျှဆန့်ကျင်ရေး တရားဟောမှုအတွက် ဟင်္သာတခရိုင်ရာဇဝတ်ဝန်က ဆုငွေနှင့် ဖမ်းဝရမ်း ထုတ်လိုက်သည်။ ဒေသခံ သခင်ခေါင်းဆောင်များနှင့် မန်းဘခိုင်၏ အစီအစဉ်ဖြင့် သခင်အောင်ဆန်း လုံခြုံဘေးကင်းစွာ ပုန်းအောင်းနေခဲ့ရသည်။

၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေး ဖြစ်လာသောအခါ ဟသ်ာတခရိုင် ဖက်ဆစ်တော်လှန်ရေး ဌာနချုပ်ကို ယုန်သလင်းရွာရှိ မန်းဘခိုင်တို့၏ ငှက်ပျောခြံမှာပင် ထားရှိသည်။ ၁၉၄၅ ခုနှစ် ဇွန်လအတွင်း စစ်ရှုံးဂျပန်တပ်ဖွဲ့များနှင့် တော်လှန်ရေးသမားများ တနင်္သာရီဘက်တွင် စစ်ပွဲများဆက်လက်ဖြစ်ပွားနေစဉ် ကရင်ခေါင်းဆောင်အချို့တို့သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။ ၎င်းခေါင်းဆောင်အားလုံးတို့၏ တူညီသော အတွေးအခေါ်တစ်ခုမှာ စစ်ပြီးခေတ်ကရင်အမျိုးသားရေးဆိုင်ရာကို မည်သို့မည်ပုံ ပြန်လည်စတင်မည်ဆိုသည့်ကိစ္စပင်ဖြစ်သည်။

သို့ဖြင့် ၁၉၄၅ ခုနှစ် ဇွန်လ ၃၀ ရက်နေ့မှ ဇူလိုင်လ ၅ ရက်နေ့အထိ အမှတ် ၅၂၈ အောက်ကြည့်မြင်တိုင်လမ်းတွင် ကရင်အမျိုးသားထု အစည်းအဝေးတစ်ရပ်ကို ခေါ်ဆိုလိုက်ကြသည်။ ယင်းအစည်းအဝေးသို့ တနင်္သာရီတိုင်းတွင် ရှိနေကြသော ကရင်ခေါင်းဆောင်များမှ လွဲ၍ ကျန်ဒေသရှိ ကရင်ခေါင်းဆောင်များ အစုံအညီ တက်ရောက်ကြသည်။ ယင်းကရင်အမျိုးသားထု အစည်းအဝေးတွင် ကရင်အမျိုးသားရေးရာကိစ္စအား ဆောင်ရွက်ရန် ယခင်ရှိနေသော "ဒေါကလူ"အသင်းအား ပထမစဉ်းစားကြသည်။ သို့ရာတွင်စစ်အတွင်း ယင်းအသင်းမှာ ရပ်ဆိုင်းသွားရုံမျှမက လက်ရှိရှိနေကြသော ခေါင်းဆောင်အများစုသည်လည်း အိုမင်းမစွမ်းဖြစ်ကြသည်ကို တွေ့ရသဖြင့် ရှေ့အနာဂတ်တွင် ကရင်အမျိုးသားရေးကို ဆောင်ရွက်ရန်အသင်းအဖွဲ့တစ်ခု လိုအပ်ကြောင်းကို ဆုံးဖြတ်ခဲ့ကြသည်။ လောလောဆယ် ကရင်အဖွဲ့အစည်းတစ်ရပ် မဖွဲ့နိုင်သေးမီ ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်နိုင်စေရန် ဗဟိုကရင် အမျိုးသား အကြံပေးဘုတ်အဖွဲ့ (Karen Central Advisery Board) ကို ဖွဲ့စည်းခဲ့ကြသည်။ ယင်းသို့ ဒုတိယကမ္ဘာ့စစ် ပြီးဆုံးသွားပြီး ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် မြန်မာပြည်လွတ်လပ်ရေးနှင့် ညီညွတ်ရေးအတွက် ဖဆပလအဖွဲ့က ကြီးမှူး၍ နေသူရိန် အစည်းအဝေးကြီးကို ကျင်းပသည်။ ယင်းအစည်းအဝေးမှ ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် ၃၆ ဦး ရွေးချယ်ရာတွင် ကရင်အမျိုးသား ဗဟိုအကြံပေး ဘုတ်အဖွဲ့ဝင်များဖြစ်ကြသော မန်းဘခိုင်၊ စောဘဦးကြီးနှင့် ဆရာသာထိုတို့ ဗဟိုဦးစီးအဖွဲ့ဝင်များ ဖြစ်လာကြသည်။

၎င်းနောက် အောက်တိုဘာလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ကြည့်မြင်တိုင်မြို့နယ် ဦးလူနီလမ်းရှိ အိမ်အမှတ် ၂၅ ဗဟိုကရင့်အမျိုးသားအကြံပေးဘုတ်အဖွဲ့ အစည်းအဝေးကို ကျင်းပရာ ယခင် ဗဟိုကရင်အမျိုးသားအကြံပေးဘုတ်အဖွဲ့အစား ကရင်အမျိုးသား ဗဟိုအဖွဲ့ချုပ် (KCO - Karen Central Organization) ဟူ၍ ဖွဲ့စည်းလိုက်ကြသည်။ ယင်းအဖွဲ့သည် "ဒေါကလူ" အသင်းပြီးလျှင် စစ်ပြီးခေတ်၌ ပထမဆုံးဖွဲ့စည်းသည့် ကရင်အမျိုးသားအဖွဲ့အစည်းကြီးတစ်ခုပင်ဖြစ်သည်။ ယင်းအဖွဲ့၏ အမှုဆောင်လူကြီးများမှာ ဥက္ကဋ္ဌနှင့် ငွေထိန်း စောသာဒင်၊ လက်ထောက်ငွေထိန်း စောဘဦးကြီး၊ အတွင်းရေးမှူး မန်းဘခင်၊ တွဲဘက်အတွင်းရေးမှူး ဆရာသာထိုနှင့် ကော်မတီအမှုဆောင်လူကြီးများအဖြစ် မန်းဘခိုင်နှင့် စောမြတ်သိန်းတို့ ဖြစ်ကြသည်။ စစ်ပြီးခေတ် ကရင်နိုင်ငံရေးတွင် KCO က စတင်လှုပ်ရှားမှုအသစ်ဖြင့် စတင်လာလေသည်။

ယင်းအဖွဲ့တွင် လူပုဂ္ဂိုလ်များသာမက ကရင်အမျိုးသား ရဟန်းတော်များပင် ပါလေရာ သရက်တောကျောင်းတိုက် အလယ်တိုက်ကျောင်းဆရာတော် ဦးအဂ္ဂနှင့် မန်းရွှေဘတို့က နာယကများအဖြစ် ဆောင်ရွက်ကြပြီး ဥက္ကဋ္ဌမှာ ဆရာတော်ဦးပဏ္ဍဝံသ၊ ဒုတိယဥက္ကဋ္ဌမှာ စောမြသိန်း၊ အတွင်းရေးမှူး ဦးကြီးစော၊ ငွေထိန်း မန်းကံအေး၊ အဖွဲ့ဝင်များအဖြစ် ဦးနရိန္ဒ၊ ဦးကုမာရ၊ စောဘသန်းရွှေ၊ စောဘလုံတို့ ပါဝင်ကြသည်။ ယင်းသို့ စစ်ပြီးခေတ်ကရင်လူကြီးများ၏ နိုင်ငံရေး၊ အမျိုးသားရေးလှုပ်ရှားမှုကို အကြောင်းပြု၍ ဖက်ဆစ် တော်လှန်ရေးတွင် ရွပ်ရွပ်ချွံချွံပါဝင်ခဲ့ကြသော ကရင်လူငယ်များကလည်း သီးခြားလှုပ်ရှားရန် စိုင်းပြင်းလာလေသည်။ ဤတွင် KCO ခေါင်းဆောင်များက လူငယ်များအား သီးခြား မလှုပ်ရှားစေဘဲ KCO ၏ လူငယ်ဌာနခွဲအနေနှင့် ပါဝင်လှုပ်ရှားခွင့် ပြုလိုက်သည်။ ဤသို့ဖြင့် စစ်ပြီးခေတ်ကရင်နိုင်ငံရေးတွင် ကရင်လူငယ်အစည်းအရုံး (KYO-Karen Youth Organization) ဟူ၍ပေါ်ပေါက်လာလေသည်။ ပထမဆုံးသော ကရင်လူငယ်အစည်းအရုံးဖြစ်သည့် KYO ၏အလုပ် အမှုဆောင်အဖွဲ့တွင် ဖက်ဆစ်တော်လှန်ရေး၌ ပါဝင်ခဲ့ကြသော လူငယ်ခေါင်းဆောင်များ ဖြစ်ကြသည့်

(၁) ဗိုလ်မှူး စောထွန်းစိန် (ဥက္ကဋ္ဌ)

(၂) စောကျော်စိန် (အတွင်းရေးမှူး)

(၃) စောမြင့်သိန်း (တွဲဘက်အတွင်းရေးမှူး)

(၄) စောအော်လီဗာ ( အဖွဲ့ဝင်) တို့ဖြစ်ကြသည်။

ယင်းသို့ရှိစဉ် တပ်မတော်ပြန်လည်ဖွဲ့စည်းရာ ဗိုလ်မှူးစောထွန်းစိန်သည် တပ်ထဲသို့ပြန်ဝင်သွားသဖြင့် ဥက္ကဋ္ဌနေရာလစ်လပ်သွားရာ KCO ခေါင်းဆောင်များက KCO အမှုဆောင်လူကြီးနှစ်ဦးဖြစ်သော စောဘဦးကြီးနှင့် ဆရာသာထိုတို့အား KYO ဥက္ကဋ္ဌလုပ်ရန် အဆိုပြုကြသည်။ ကာယကံရှင်များက ငြင်းဆန်သောကြောင့် KCO ၏ ခေါင်းဆောင်တစ်ဦးပင် ဖြစ်သော မန်းဘခိုင်အား ဆက်လက်အဆိုပြုကြရာ၊ မန်းဘခိုင်က လက်ခံသဖြင့် KYO ၏ အမှုဆောင်အဖွဲ့မှာ အောက်ပါအတိုင်းဖြစ်လာလေသည်။

(၁) မန်းဘခိုင် (ဥက္ကဋ္ဌ)

(၂) မန်းဝင်းမောင် (ဒု-ဥက္ကဋ္ဌ)

(၃) စောကျော်စိန် (အတွင်းရေးမှူး)

(၄) စောမြင့်သိန်း (တွဲဘက်အတွင်းရေးမှူး) တို့ ဖြစ်ကြသည်။

၁၉၄၆ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပသော ရှမ်းပြည်စော်ဘွားကြီးများ ညီလာခံကျင်းပရာ ပိုလ်ချုပ်အောင်ဆန်း မအားလပ်သဖြင့် ဖဆပလကိုယ်စားလှယ်အဖြစ် ဦးနု၊ ဦးဘဂျမ်းတို့နှင့်အတူ မန်းဘခိုင် ပါတက်ရောက်ခဲ့သည်။ ယင်းကို နောက်ပိုင်း၌ "ပထမပင်လုံ

ညီလာခံ” ဟူ၍လည်း ခေါ်ဆိုသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့၌ KCO နှင့် KYO ပူးပေါင်းအစည်းအဝေးတစ်ရပ် ကျင်းပရာမှ ပထမနေ့တွင် KNU ခေါ် ကရင် အမျိုးသား အစည်းအရုံးကို အောင်မြင်စွာ ဖွဲ့စည်းနိုင်လိုက်ကြသည်။ ယင်းပထမနေ့တွင် ဖွဲ့စည်းလိုက်သော KNU အမှုဆောင်အဖွဲ့တွင် ပါဝင်သောသူများမှာ -

(၁) စောစံဘိုးသင် (ဥက္ကဋ္ဌ)

(၂) မန်းဘခိုင် (အမှုဆောင်)

(၃) မန်းဝင်းမောင် (အမှုဆောင်)

(၄) စောစိန်တင် (အမှုဆောင်)

(၅) စောကျော်စိန် (အမှုဆောင်) တို့ဖြစ်ကြသည်။

ဒုတိယနေ့အစည်းအဝေးကို ဆက်လက်ကျင်းပရာတွင် တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲ ဝင်ရေး မဝင်ရေး ပြဿနာ ပေါ်ပေါက်လာသည်။ ယခင် KYO ခေါင်းဆောင်များဖြစ်ကြသော မန်းဘခိုင်၊ မန်းဝင်းမောင် နှင့် စောကျော်စိန်တို့က ဝင်ရောက်မည်ဖြစ်၍ KNU အမှုဆောင်အဖွဲ့မှ နုတ်ထွက်သွားကြပြီး မူလ KYO အဖြစ် ဆက်လက်ရပ်တည်သွားကြသည်။ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ကျင်းပသော တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲသို့ မန်းဘခိုင်နှင့် မန်းဝင်းမောင်တို့ခေါင်းဆောင်သော KYO က ဝင်ရောက်ရာ မန်းဘခိုင်၏ဇာတိ ဟင်္သာတ ကရင်သီးသန့်မဲဆန္ဒနယ်မှ ရွေးချယ်ခြင်းခံရသည်။ သို့ဖြစ်၍ မန်းဘခိုင်သည် အာဇာနည်ခေါင်းဆောင်များ ကျဆုံးချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း ကြားဖြတ်အစိုးရအဖွဲ့၌ အလုပ်သမားနှင့် စက်မှုလက်မှု ဝန်ကြီးဌာန၏ ဝန်ကြီးလည်းဖြစ်၊ တိုင်းပြုပြည်ပြု လွှတ်တော်အမတ်နှင့် KYO ၏ ဥက္ကဋ္ဌလည်း ဖြစ်လေသည်။



## ၄။ စောဖေသာ

## (ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ရရှိရေးအတွက် တောင်းဆိုခဲ့သော အောက်လွှတ်တော်အမတ်)

စောဖေသာကို ပုသိမ်မြို့နယ် ဘဲဂရက်ရွာ၌ ၁၉၀၄ ခုနှစ်တွင် မွေးဖွားသည်။ ၎င်း၏ဖခင်မှာ စောနု(ဦးနု)ဖြစ်သည်။ စောဖေသာ၏ဖခင်နှင့် စောဘဦးကြီးဖခင်တို့သည် ညီအစ်ကို အရင်းဖြစ်သည်။ စောနု(ဦးနု)သည် သားဖြစ်သူ စောဖေသာအား ရန်ကုန်ကောလိပ်တွင် ဘီအေ(B.A) ဘွဲ့ရပြီးသောအခါ မိမိစရိတ်ဖြင့် ဘိလပ်သို့ပို့ပြီး ဝတ်လုံဘွဲ့ကို ရယူစေခဲ့ သည်။ မြောင်းမြမြို့ မျက်နှာဖုံးဖြစ်သော "ဘိုးတာပဲလူး" နှင့် "စောဘိုးပြား" တို့က စောဖေသာ အား မြောင်းမြသို့ခေါ် ယူ၍ မြောင်းမြကရင်မဲဆန္ဒနယ်အတွက် အမတ်အဖြစ် ရွေးချယ်ခံရစေရန် ဆောင်ရွက်ပေးခြင်းကြောင့် ၁၉၃၆ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပသည့် ဥပဒေပြု လွှတ်တော် ရွေးကောက်ပွဲတွင် မြောင်းမြကရင်မဲဆန္ဒနယ်မှ အောက်လွှတ်တော်အမတ်တစ်ဦးဖြစ်လာ လေသည်။ ၎င်းနောက် နန်းရင်းဝန် ဒေါက်တာဘမော်၏အစိုးရအဖွဲ့တွင် ဝန်ကြီးတစ်ဦး ဖြစ် လာသည်။

ဒေါက်တာဘမော် အစိုးရပြုတ်ကျရန် ယိုင်နဲ့နဲ့ဖြစ်နေစဉ် သာယာဝတီ ဆရာစံဘော် အပါအဝင် ကရင်အမတ်များ၏ မေတ္တာရပ်ခံချက်အရ ဝန်ကြီးစောဖေသာသည် မိမိ၏အစိုးရ အဖွဲ့ဝင်ဝန်ကြီးအခွင့်အာဏာကိုအကြောင်းပြုလျက် အစိုးရအဖွဲ့မှတစ်ဆင့် ဘုရင်ခံထံ ကရင် အမျိုးသားနှစ်သစ်ကူးနေ့အား ဘုရင်ခံ၏ အခွင့်အာဏာဖြင့် တရားဝင်ကျင်းပခွင့် သတ်မှတ် ပေးရန် တင်ပြပေးနိုင်ခဲ့သည်။ သို့ဖြင့် ၁၉၃၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ပထမဆုံး တရားဝင် ကရင်နှစ်သစ်ကူးနေ့ ဖြစ်လာလေသည်။ ၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက် ကရင် အမျိုးသားနှစ်သစ်ကူးနေ့တွင် အသံလွှင့် မိန့်ခွန်း သဝဏ်လွှာပေးပို့သည့် ကရင် အမျိုးသား ခေါင်းဆောင်(၅)ဦးအနက် ဝန်ကြီးစောဖေသာမှာ တစ်ဦးပင်ဖြစ်သည်။

ယင်းခေါင်းဆောင်(၅)ဦးမှာ -

(၁) စောဆစ်ဒနီလူနီ
(၂) ဒေါက်တာဆာစံစီဖိုး
(၃) ဝန်ကြီးစောဖေသာ
(၄) မန်းရွှေဘ (ဆရာရွှေဘ)
(၅) ဦးလုဖေ (နောင်တွင် ပအိုဝ့် အမျိုးသားခေါင်းဆောင်) တို့ဖြစ်ကြသည်။

စောဖေသာသည် နန်းရင်းဝန်ဒေါက်တာဘမော် အစိုးရအဖွဲ့တွင် ဝန်ကြီးဖြစ်ခဲ့ပြီး နောက် နန်းရင်းဝန် ဦးစော အစိုးရအဖွဲ့တွင် ဒုတိယအကြိမ် အစိုးရအဖွဲ့ဝင် ဝန်ကြီးဖြစ်လာပြန်ပြီး တရားရေးဌာနကို ကိုင်ရသည်။

၁၉၂၉ ခုနှစ်တွင် စတင်ဖွဲ့စည်းသော ဘီကေအင်အေ (BKNA - Buddhist Karen National Association) တွင် ဆရာတော် ဦးပဏ္ဍဝံသ၊ စောဘသန်းရွှေတို့နှင့်အတူ ဝန်ကြီး စောဖေသာသည် ဦးဆောင်ပါဝင်ခဲ့သည်။

၁၉၃၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းသော ဗမာ့ထွက်ရပ်ဂိုဏ်း (Freedom Bloc)တွင် ဝန်ကြီးစောဖေသာသည် ကရင်အမျိုးသား ခေါင်းဆောင်တစ်ဦး အနေဖြင့် အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သည်။

နယ်ချဲ့ဗြိတိသျှဆန့်ကျင်ရေးနှင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု ခေါင်းဆောင်တစ်ဦး ဖြစ်သော စောဖေသာသည် နိုင်ငံရေးတွင် အမြော်အမြင်နည်းပါးသော မြစ်ဝကျွန်းပေါ်ရှိ သခင်တစ်စုတို့ကြောင့် ဂျပန်ဝင်စတွင် မြောင်းမြ၌ သတ်ဖြတ်ခြင်းခံလိုက်ရသည်။ လွတ်လပ်ရေး ရပြီးခေတ်၌ "ရွှေစားကုန်း" ခေါ် စောဖေသာကုန်းတွင် ဝန်ကြီးစောဖေသာ၏ အထိမ်းအမှတ်ကျောက်တိုင်စိုက်ထူထားလေသည်။



ဝန်ကြီးစောဖေသာ၏ အထိမ်းအမှတ်ကျောက်တိုင်



## ၅။ စောသာဒွေး

## (ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ရရှိရေးအတွက် တောင်းဆိုခဲ့သော အောက်လွှတ်တော်အမတ်)

စောသာဒွေးသည် ကရင်ပြည်နယ် ဘားအံမြို့နယ် အီဟယ်ရွာကြီး ဇာတိဖြစ်သည်။ ဘားအံမြို့နယ် ရွှေလူကျေးရွာအုပ်စု ကျုံခနရွာသူ နော်မအေးနှင့် အိမ်ထောင်ကျပြီး သားသမီး ၅ ဦး ထွန်းကားခဲ့ရာ ၎င်းတို့မှာ နော်မူးပွေ၊ နော်လုရွှေ၊ နော်နှင်းမြ၊ စောဖားဆက်နှင့် စောဆက်ကဲ တို့ဖြစ်သည်။ ယခင်ကရင်ပြည်နယ် ဦးစီးအဖွဲ့ဝင်ဖြစ်သော စောချစ်သန်းသည် နော်လုရွှေ၏သားဖြစ်ပြီး စောသာဒွေး၏ မြေးဖြစ်သည်။ စောသာဒွေးသည် လယ်လုပ်ငန်း၊ သစ်လုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပြီး သထုံမြောက်ပိုင်း မဲဆန္ဒနယ်မှ အောက်လွှတ်တော်အမတ်တစ်ဦး ဖြစ်လာလေသည်။ စောသာဒွေးနေထိုင်ခဲ့သော သထုံမြို့ မြို့ထောင့်ရပ် ရွှေကျောင်းလမ်းရှိ ခြံဝင်းကျယ်ကြီးအတွင်းရှိ အိမ်ကြီးမှာ ယနေ့တိုင် တည်ရှိနေသည်။



## ၆။ စောမြတ်သိန်း

## (ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ရရှိရေးအတွက် တောင်းဆိုခဲ့သော အောက်လွှတ်တော်အမတ်)

စောမြတ်သိန်းသည် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဆရာကြီးတစ်ဦးဖြစ်သည့် အပြင် ဟင်္သာတ မဲဆန္ဒနယ်မှ အောက်လွှတ်တော်အမတ်တစ်ဦးဖြစ်သည်။ ၁၉၇၀-၇၁ ဝန်းကျင်တွင် မဟာရန်ကုန် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ကျင်းပရေးဗဟို ကော်မတီ၏ နာယကတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။

ကရင်လူမျိုးများ၏ တိဘက်ကုန်းမြင့်မှတစ်ဆင့်"ထီးဆယ်မယ်"၊ ၎င်းမှ အရှေ့တောင် အာရှဒေသသို့ ဆင်းသက်လာပုံ ရုပ်ပြစာအုပ်အား ပြုစုခဲ့သူဖြစ်သည်။

## ၇။ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ရရှိရေးအတွက်တောင်းဆိုခဲ့ကြသော အခြားသော အောက်လွှတ်တော် အမတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) မန်းကံအေး၊ မြောင်းမြ အရှေ့ မဲဆန္ဒနယ်

(၂) မန်းထွန်းခင်၊ မအူပင် မြောက် မဲဆန္ဒနယ်

(၃) မန်းရွှေညွှန့်၊ မအူပင် တောင် မဲဆန္ဒနယ်

(၄) ဦးလုဖေ၊ သထုံ တောင် မဲဆန္ဒနယ် (ပအိုဝ်အမျိုးသား)

(၅) ဦးဖိုးမျှင်၊ ကျိုက္ကမီ အနောက် မဲဆန္ဒနယ် (ပအိုဝ်အမျိုးသား)

(၆) စောဖိုးချစ်၊ ကျိုက္ကမီ အနောက် မဲဆန္ဒနယ်



# ၈။ဆာစံစီဖိုး

## (ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ရရှိရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ခဲ့သော အထက်လွှတ်တော်အမတ်)

ဆာစံစီဖိုးကို ပုသိမ်မြို့မြောက်ဘက် ၅ မိုင်ခန့် ကွာဝေးသော ကိုးဆူရွာတွင် အဖ တိုက်သူကြီး စောအောင်ညိုနှင့် အမိ နော်မငေးဝတို့က ၁၈၇၇ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် မွေးဖွားသည်။ ငယ်စဉ်က ကိုးဆူရွာမှ ပုသိမ်မြို့ စကောကရင်ကျောင်း (တိုင်တစ်ရာ ကျောင်း) သို့ နေ့စဉ် လမ်းလျှောက်ပြီး ကျောင်းတက်ခဲ့ရသည်။ ကျောင်းအုပ်ကြီး ဖြစ်သူ ခရစ်ယာန်သာသနာပြုဆရာ အမေရိကန်အမျိုးသား "ဒေါက်တာချားလ်နီးဂေါလ်"က စံဖိုးအား အထူးသဘောကျပြီး ကူညီစောင့် ရှောက်သောဆန္ဒဖြင့် အမေရိကန် ပြည်ထောင်စုသို့ ခေါ် ဆောင်သွားသည်။ ထိုအချိန်တွင် စံဖိုးမှာ ၁၄ နှစ် အရွယ်မျှသာရှိသေးသည်။ ကျောင်း အုပ်ကြီး၏ အဒေါ် တော်စပ်သူ ညီအစ်မနှစ်ဦးထံတွင် နေထိုင်စဉ် အထက်တန်းကျောင်း တစ်ကျောင်းတွင် ပညာသင်ခွင့်ရရှိခဲ့သည်။ ၎င်းနောက် "ကိုလ်ဂိတ်"မြို့ရှိ ဆေးကောလိပ်တွင် ဆေးပညာကို စတင်သင်ယူသည်။

ထိုမှတစ်ဖန် နယူးယောက် တက္ကသိုလ်တွင် အပါအဝင်ဖြစ်သော "အယ်လ်ဗားနီး" ဆေးတက္ကသိုလ်၌ ဆေးပညာကို ဆက်လက်သင်ကြားကာ ထိုကျောင်းက ပေးအပ်သော ဆေးပါရဂူဘွဲ့ကို ရရှိခဲ့သည်။ ၁၈၉၄ ခုနှစ်တွင် ဒေါက်တာစံစီဖိုးသည် မြန်မာပြည်သို့ပြန်လာပြီး ၁၈၉၅ ခုနှစ်၌ ကရင်အမျိုးသား စောလူနီ၏သမီး နော်အေမီလူနီနှင့် လက်ထပ်ထိမ်းမြားခဲ့ရာ သားသမီး ၇ ယောက် ထွန်းကားသည့်အနက် ပဋ္ဌမမြောက်ဖြစ်သူ "မစွက်ဘမောင်ချိန်" ငယ်နာမည် "ကလယ်ရီဗယ် အိုင်းရင်းပိုး" မှာ (၁၉၅၃-၁၉၅၄) ခုနှစ်တွင် ကရင်ပြည်နယ်ဌာန ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။

ဒေါက်တာစံစီဖိုးသည် ၁၉၁၇ ခုနှစ်မှ ၁၉၂၃ ခုနှစ်အထိ မြန်မာပြည် ဥပဒေပြု ကောင်စီတွင် မင်းတိုင်ပင်အမတ်အဖြစ် တာဝန်ထမ်းဆောင်ရာမှ ၁၉၂၃ ခုနှစ် "ဒိုင်အာခီ"

အုပ်ချုပ်ရေး စတင်သောအခါ ရောတီတိုင်း၏ ဥပဒေပြု လွှတ်တော်အမတ်အဖြစ် ရွေးကောက်ခြင်း ခံရသည်။ ပထမကမ္ဘာစစ်ပွဲကာလတွင် ဒေါက်တာစံစီဖိုးသည် လူမှုဝန်ထမ်းလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ခဲ့သဖြင့် မြန်မာနိုင်ငံဆိုင်ရာဗြိတိသျှအစိုးရသည် ယင်းအား ( C.B.E) ဘွဲ့ ချီးမြှင့်ခဲ့ပါသည်။


၁၉၂၅ ခုနှစ်တွင် အများ၏ တောင်းဆိုချက်အရ "ဒေါကလူ"(ကရင်တစ်မျိုးသားလုံး) အသင်းချုပ်ကြီး၏ ဥက္ကဋ္ဌဖြစ်လာသည်။ ဒေါက်တာစံစီဖိုး၏ အမျိုးသားရေး၊ နိုင်ငံရေး၊ လူမှုရေး ဆောင်ရွက်မှုကြောင့် ကရင်အမျိုးသားတို့၏ လေးစားခြင်းခံရသော ပြောရေးဆိုခွင့်ရှိသူ ခေါင်းဆောင်ကြီးအဖြစ် ထင်ရှားလာလေသည်။

၁၉၃၄ ခုနှစ် အရောက်တွင် မြန်မာနိုင်ငံ ဗြိတိသျှအစိုးရသည် ဒေါက်တာစံစီဖိုး၏ ဝန်ဆောင်မှု လုပ်ငန်းများကို အကြောင်းပြု၍ "ဆာဘွဲ့"ကို ထပ်မံချီးမြှင့်ခဲ့သည်။ ၁၉၂၈ ခုနှစ်တွင် ဒေါက်တာစံစီဖိုးသည် အနာဂတ် ကရင်အမျိုးသားရေးရာအပေါ် တွင် ကြီးစွာအကျိုးသက်ရောက်စေသော (Burma and Karens) မြန်မာပြည်နှင့်ကရင်များ စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် အင်္ဂလန်၌ ထုတ်ဝေလိုက်သည်။ ၎င်းစာအုပ်တွင် ကရင်တို့၏ ရှေးဟောင်းရာဇဝင်၊ စိတ်နေသဘောထား၊ ကိုးကွယ်ဝတ်ပြုမှု၊ ယဉ်ကျေးမှု ဓလေ့ထုံးစံအပြင် ကရင်လူမျိုးများ၏ အမျိုးသားဆိုင်ရာ ပိုင်ဆိုင်ခွင့်များကိုလည်း ရေးသားဖော်ပြထားသည်။ ကရင်အမျိုးသား ခေါင်းဆောင်ကြီး ဒေါက်တာစံစီဖိုးသည် အသက် ၇၆ နှစ်အရွယ် ၁၉၄၆ ခုနှစ်၊ ဖွန်လ ၁၇ ရက်နေ့တွင် ပုသိမ်မြို့၌ ကွယ်လွန်သည်။



## ၉။ မန်းရွှေဘ
## (ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ရရှိရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ခဲ့သော အထက်လွှတ်တော်အမတ်)

ကရင်အမျိုးသားနှစ်သစ်ကူးနေ့ရရှိရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ခဲ့သော မန်းရွှေဘသည် တောင်ငူမဲဆန္ဒနယ်မှ အထက်လွှတ်တော်အမတ်တစ်ဦး ဖြစ်သည်။



# ၁၀။ သရာစံဘော်

## (ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ရရှိရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ခဲ့သော အထက်လွှတ်တော်အမတ်)

သရာစံဘော်ကို သာယာဝတီခရိုင် မင်းလှမြို့နယ် ကန်သာယာရွာတွင် အဖ စောသာရင်နှင့် အမိ နော်မင်းသိမ်းတို့က ၁၈၇၈ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် မွေးဖွားသည်။

သရာစံဘော်သည် သာယာဝတီမြို့ရှိ အမေရိကန်နှစ်ခြင်း သာသနာအဖွဲ့ပိုင် မစ္စဟစ်ဘီ( Hibby ) ကျောင်းတွင် စတင်ပညာသင်ကြားပြီး အလယ်တန်းအောင်မြင်သည်။ ၎င်းနောက် ရန်ကုန် အလုံရပ်ရှိ ခရစ်ယာန်ကောလိပ် (ခေါ်) ဘက်ပတစ် ကောလိပ်တွင် ၄ နှစ် ဆက်လက်ပြီး ပညာသင်ကြားခဲ့သည်။ ပြီးလျှင် ဆရာဖြစ်သင်တန်းကို ဆက်တက်ရာ ဆရာဖြစ်သင်လက်မှတ်ရရှိခဲ့သည်။ ၁၈၉၀ ခုနှစ်တွင် သာယာဝတီမြို့ ABM ကျောင်း၏ ကျောင်းအုပ်အဖြစ် ခန့်ထားခြင်းခံရသည်။ ၁၉၂၄ ခုနှစ်တွင် သာယာဝတီခရိုင် မြူနီစီပယ်အဖွဲ့၏ အကြံပေးအဖွဲ့ဝင်၊ သာယာဝတီခရိုင် ဆေးရုံကြီး၏ အကြံပေးအဖွဲ့ဝင်၊ ၁၉၂၈ ခုနှစ်တွင် သာယာဝတီ ထောင်အုပ်ချုပ်ရေးအဖွဲ့ဝင် စသည်ဖြင့် လူမှုရေး၊ အုပ်ချုပ်ရေး လုပ်ငန်းများနှင့် ဆက်စပ်လာပြီး ထိုမှတစ်ဆင့် အထက်လွှတ်တော် အမတ်တစ်ဦးဖြစ်လာသည်။ သို့ဖြင့် ဗြိတိသျှ အုပ်ချုပ်ရေးအဖွဲ့သည် ဆရာကြီး စံဘော်အား ပထမတွင် ကေအိုင်အိပ်ချ် (K.I.H) ဘွဲ့တံဆိပ်ဖြင့်လည်းကောင်း၊ ဒုတိယတွင် အိုဘီအီး (O.B.E) ဘွဲ့တံဆိပ်ဖြင့်လည်းကောင်း ချီးမြှင့်ခဲ့လေသည်။

သရာစံဘော်အား သာယာဝတီခရိုင်၏ ဒေါကလူ အသင်းဥက္ကဋ္ဌ၊ ထိုမှတစ်ပြည်လုံး ဆိုင်ရာ ဒေါကလူအသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်လိုက်ကြသည်။ ယင်းသို့ အထက်လွှတ်တော်အမတ်နှင့် ဒေါကလူအသင်းကြီး၏ဥက္ကဋ္ဌ ဖြစ်လာသော သရာစံဘော်၏ အခန်းကဏ္ဍသည် ၁၉၃၈ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို တရားဝင်သတ်မှတ်နိုင်ရေးတွင်

များစွာပင် အရေးပါအရာရောက်လာသည်။

ဒေါက်တာလူအသင်းကြီး၏ တာဝန်ပေးချက်အရ တောင်ငူနယ် အောက်လွှတ်တော် ကရင်အမျိုးသားအမတ် စောဂျွန်ဆင်ဒီဖိုးမင်းသည် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အဆို တစ်ရပ်ကို ၁၉၃၇ ခုနှစ် ဩဂုတ်လ ၂၃ ရက် နေ့စွဲဖြင့် လွှတ်တော်၌ တင်သွင်းထားလေသည်။ ယင်းအဆိုအား လွှတ်တော်၌ ဆွေးနွေးပြီးမှသာလျှင် ဥပဒေအဖြစ် အတည်ပြုလာနိုင်မည် ဖြစ်သည်။ ထိုအချိန်တွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးရာသီဥတုကြောင့် လွှတ်တော်၌ ဆွေးနွေးရန် အခြေအနေမပေးတော့ပေ။ ဤရှုပ်ထွေးနေသော နိုင်ငံရေးအခြေအနေပေါ် တွင် ကရင်အမျိုး သားနှစ်သစ်ကူးနေ့ တရားဝင်သတ်မှတ်ရေး အခွင့်အလမ်း တစ်ရပ်ဆုံးရှုံးသွားမည်ကို အလွန် စိုးရိမ်သောပုဂ္ဂိုလ်မှာ ဆရာစံဘော်ပင်ဖြစ်သည်။ ဤတွင် ဆရာစံဘော်သည် မိမိ၏ ဒေါက်တာလူ အသင်းဥက္ကဋ္ဌတာဝန်ကို အကြောင်းပြု၍ ဘဝတူလွှတ်တော်အမတ် နှစ်ဦးဖြစ်သည့် ဒေါက်တာ ဆာစံစီဖိုးနှင့် ဆရာမန်းရွှေဘတို့ကို တိုင်ပင်ဆွေးနွေးကြလေသည်။ ၎င်းတို့ သုံးဦးသည် အစိုးရအဖွဲ့ အပြောင်းအလဲ မဖြစ်သေးမီ ဝန်ကြီးစောဖေသာထံ ချဉ်းကပ်ကြ၏။ ဝန်ကြီး စောဖေသာ သဘောပေါက်သည်အထိ ရှင်းပြကြ၏။

လွှတ်တော်၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ်အား ဆွေးနွေးပြီး သောအခါ ၁၉၃၇ ခုနှစ် မကုန်ဆုံးမီကာလတွင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ရုံးပိတ်ရက် အဖြစ် ဘုရင်ခံအမိန့်အရ အတည်ပြုပြဌာန်း ကြေညာပေးပါရန် နန်းရင်းဝန်ဒေါက်တာဘမော် အစိုးရသည် ဘုရင်ခံထံသို့ တင်သွင်းလိုက်သည်။

ဤတွင် မြန်မာနိုင်ငံဆိုင်ရာဘုရင်ခံ "ဆာ အာချီဘော ဒေါက်ကလပ်စ် ကော့ကရိန်း" သည် အစိုးရရုံးများနှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများဆိုင်ရာအက်ဥပဒေ (Negotiable Instrument Act) အား ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို အများပြည်သူ ရုံးပိတ်ရက်အဖြစ် ထုတ်ပြန် ကြေညာပေးခဲ့လေသည်။ ဤသို့ဖြင့် ၁၉၃၈ ခုနှစ် ဇန်နဝါရီလ ၁ ရက် နေ့မှစ၍ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို တရားဝင်ရုံးပိတ်ရက်အဖြစ် စတင်ကျင်းပလာခဲ့ခြင်း ဖြစ် လေသည်။

၁၉၄၀ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် အသက် ၆၂ နှစ်အရွယ် ဆရာကြီး စံဘော်သည် သာယာဝတီရှိ နေအိမ်၌ပင် ကွယ်လွန်သည်။ ဆရာကြီးစံတော်၏ အသုဘ ပို့ဆောင်သောနေ့တွင် သာယာဝတီတစ်မြို့လုံး ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် အစိုးရက ရုံးများကို ပိတ်ပေးလေသည်။



# ၁၁။ မန်းဘခင်

## (ကရင်အမျိုးသားအလံတော်အား ပုံစံရေးဆွဲပေးသော ကရင်အမျိုးသားခေါင်းဆောင်)

မန်းဘခင်ကို ဧရာဝတီတိုင်း ဇလွန်မြို့တွင် ၁၈၈၇ ခုနှစ်၌ မွေးဖွားသည်။ အဖမှာ မန်းဂီဖြစ်ပြီး အမိမှာ ဂေါ့မင်းအောင် ဖြစ်သည်။ မန်းဘခင်သည် မူလတန်းနှင့် အလယ်တန်း ပညာကို ဟင်္သာတမြို့တွင် သင်ကြားအောင်မြင်ခဲ့ပြီး အထက်တန်းပညာကို ရန်ကုန်တွင် အောင်မြင်ခဲ့သည်။ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဘီအေ(B.A)ဘွဲ့ အောင်မြင်ရရှိခဲ့ပြီးနောက် အမျိုးသားရေး၊ နိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့သည်။

၁၉၃၄-၃၅ ခုနှစ်တွင် စကောကရင်နှင့် ပိုးကရင်တို့၏ ကွဲပြားသော ဘာသာစကား အုပ်စုအရ ကျမ်းစာသင်ကျောင်းများမှာလည်း တစ်ခုစီဖြစ်ခဲ့ရာ မန်းဘခင်သည် ပိုးကရင် ကျမ်းစာသင်ကျောင်း၏ ပထမဆုံးကျောင်းအုပ်ကြီး ဖြစ်လာလေသည်။ ၁၉၃၇-၃၈ ခုနှစ် ၉၁ ဌာန အုပ်ချုပ်ရေးခေတ်တွင် မန်းဘခင်သည် မအူပင်နယ်မှ အောက်လွှတ်တော်အမတ် တစ်ဦးအဖြစ် အရွေးခံခဲ့ရပြီး နောက်ပိုင်းတွင် ဥပဒေပြု လွှတ်တော်အမတ် ဖြစ်လာလေသည်။

၁၉၃၈ ခုနှစ် နန်းရင်းဝန် ဒေါက်တာဘမော် အစိုးရလက်ထက် ကရင်နှစ်သစ်ကူးနေ့ ကိုတရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ရာတွင်လည်းမန်းဘခင်သည်အမျိုးသားရေးအတွက် တိတိပပ ဆောင်ရွက်ခဲ့သူဖြစ်သည်။ အထူးသဖြင့် ကရင်နိုင်ငံရေး၏ အစဖြစ်သော "ဒေါကလူ" (ကရင်တစ်မျိုးသားလုံး)အသင်းကြီးတွင် ပိုးကရင်များထဲမှ ပထမဆုံးအတွင်းရေးမှူး ဖြစ်လာသူမှာ မန်းဘခင်ဖြစ်သည်။ "ဒေါကလူ"အသင်း၏ အတွင်းရေးမှူးအဖြစ် မန်းဘခင် ဆောင်ရွက်စဉ် ဒိုင်အာခီအုပ်ချုပ်ရေးတွင် ကရင်အတွက် ကိုယ်စားလှယ် ၅ နေရာရရှိရေးကို လည်းကောင်း၊ ၉၁ ဌာန အုပ်ချုပ်ရေး၌ ကရင်အတွက် အောက်လွှတ်တော်တွင် အမတ် ၁၂ နေရာ နှင့် အထက်လွှတ်တော် အမတ် ၃ နေရာရရှိရေးကိုလည်းကောင်း မန်းဘခင်သည် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူဖြစ်သည်။

ဒေါကလူအသင်းကြီးတွင် နောက်ဆုံးအတွင်းရေးမှူး ဖြစ်ပြီးနောက်၊ ၁၉၄၃ ခုနှစ် (KCAB - Karen Central Advisery Board) ကရင်ဗဟိုအကြံပေးအဖွဲ့ကို ဖွဲ့စည်းရာတွင် ပါဝင်ခဲ့သည်။ စစ်ပြီးခေတ် ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၃ ရက်ထိ၊ ရန်ကုန်မြို့တွင် ပထမဆုံးဖွဲ့စည်းသည့် ကရင်အမျိုးသားဗဟိုအဖွဲ့ချုပ် (Karen Central Organization) ၏ ပထမဆုံးသော အတွင်းရေးမှူးမှာ မန်းဘခင်ဖြစ်သည်။ ယင်းသို့ KCO ကို ဖွဲ့စည်း ထူထောင်ပြီးနောက် ထိုစဉ်ကမြန်မာပြည်ဘုရင်ခံထံ တင်သွင်းသည်။ "ကရင်အခွင့်အရေး တောင်းခံလွှာ" စာတမ်းတစောင် ပေးပို့ရာတွင် ဥက္ကဋ္ဌစောသာဒင်၊ အတွင်းရေးမှူးမန်းဘခင်၊ လွှတ်တော်အမတ် စောမြတ်သိန်း၊ ယုဒသန်ကောလိပ် ကထိက စောဂျွန်ဆင်ကံကြီး ကရင်သဟာယကလပ်မှ ဒုတိယ ဥက္ကဋ္ဌစောဘဦးကြီးတို့ အသီးသီး လက်မှတ်ရေးထိုးကြသည့်အနက် မန်းဘခင်သည် အဓိကနေရာက ပါဝင်ခဲ့သည်။ စစ်ပြေးဘုရင်ခံ ဆာဒေါ်မန်စမစ်နှင့် ဆာပေါ်ထွန်း အစိုးရတို့ မြန်မာနိုင်ငံသို့ပြန်လာ၍ ဘုရင်အမှုဆောင်သစ် (ဝန်ကြီးအဖွဲ့) ပြန်လည်ဖွဲ့စည်းသောအခါ မန်းဘခင်သည် ပထမဆုံး ပိုးကရင်ထဲမှ ဘုရင်ခံကောင်စီဝင်(ဝန်ကြီး)တစ်ဦး ဖြစ်လာခဲ့လေသည်။

ထိုမှ ၁၉၄၆ ခုနှစ် KCO နှင့် KYO ပေါင်းစည်း၍ KNU ဖွဲ့စည်းရာတွင် ပထမဆုံးသော KNU ၏ ဘဏ္ဍာရေးမှူးသည်လည်း မန်းဘခင်ပင် ဖြစ်လေသည်။ မန်းဘခင်သည် စစ်ပြေးဘုရင်ခံ ဆာဒေါ်မန်စမစ်၏ ဘုရင်ခံကောင်စီဝန်ကြီးအဖွဲ့တွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဖြစ်ခဲ့သည်။ ဂျပန်တော်လှန်ရေး ဆင်နွဲတော့မည့် ကာလတွင် ကရင်-ဗမာ ချစ်ကြည် ရေးကိုဗမာခေါင်းဆောင်များနှင့်အတူ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။ စစ်ပြီးခေတ်၌ ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလကို ပြန်လည်ဖွဲ့စည်းရာတွင် ကရင်အတွက် အမှုဆောင်လူကြီး ၂ နေရာထားရှိသည့်အနက် မန်းဘခင်သည် အမှုဆောင်လူကြီး တစ်ဦး ဖြစ်ပါသည်။

## မန်းဘခင်နှင့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့

မန်းဘခင်သည် "ဒေါကလူ"အသင်း၏ အတွင်းရေးမှူးနေရာမှ ကရင်အမျိုးသားတို့၏ အခွင့်အလမ်းအတွက် ကြိုးပမ်းအားထုတ်သည့်အနက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့နှင့် ဆက်နွှယ်နေသော လုပ်ငန်းများသည် များစွာပင်အရေးကြီးလှပေသည်။ ထိုစဉ်က "ဒေါကလူ" အသင်းကြီးသည် ကရင်အမျိုးသားဆိုင်ရာနှင့် ပတ်သက်၍ အောက်ပါအချက် သုံးချက်ကို တောင်းဆိုခဲ့သည်။

(၁) ကရင်နှစ်သစ်ကူးနေ့ (ကရင်အမျိုးသားနေ့)

(၂) ကရင်အမျိုးသားသီချင်း

(၃) ကရင်အမျိုးသားအလံတော်

ယင်းတောင်းဆိုချက်များအတွက် လက်ရှိအစိုးရအဖွဲ့အပြင် ပါလီမန်အတွင်း အပြင်ရှိ ကရင်ခေါင်းဆောင်များနှင့်ပါ ညှိနှိုင်းဆောင်ရွက်ရလေသည်။ ယင်းသို့ တောင်းဆိုပြီး နောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို မည်သည့်နေ့တွင် ကျင်းပမည်၊ ကရင်အမျိုးသား အလံတော်ကို ပုံစံ အရောင်အဆင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်အား မည်သို့သတ်မှတ်မည်၊ ကရင်အမျိုးသားသီချင်းအား အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်တကွ မည်သို့သီကုံးရေးစပ်မည် စသည့် အသေးစိတ် လုပ်ငန်းများလုပ်ဆောင်ရာတွင် များစွာပင် အရေးပါလာလေသည်။

ကရင်အမျိုးသား နှစ်သစ်ကူးနေ့နှင့် ပတ်သက်၍ "ဒေါကလူ"အသင်းခေါင်းဆောင် များနှင့် ပါလီမန်အတွင်းအပြင်ရှိ ကရင်အမျိုးသားခေါင်းဆောင်များသည် တောင်ငူဇာတိ ဖြစ်သော လွှတ်တော်အမတ် စောဂျွန်ဆင်ဒီဖိုးမင်း (နန်းရင်းဝန်ဦးပုလက်ထက် ပါလီမန် အတွင်းဝန်)အား တာဝန်ပေးလိုက်ကြသည်။ အလံတော်ရွေးချယ် သတ်မှတ်ရေးကိစ္စနှင့် ပတ်သက်၍ကား မန်းဘခင်အပေါ် တာဝန်ဖြစ်လာလေသည်။

ဤသို့ဖြင့် "ဒေါကလူ" အသင်းသည် ကရင်အမျိုးသားအလံတော်၏ နမူနာပုံစံ ရေးဆွဲပေးကြပါရန် ကရင်အမျိုးသားထုထံ ကမ်းလှမ်းလိုက်လေသည်။ အချိန်တန်သော် နမူနာအဖြစ်တင်ပြလာသည့် ကရင်အမျိုးသားအလံတော် ပုံစံပေါင်း (၁၀၀) ရောက်ရှိလာ သည်။ ၎င်းတို့အနက်မှ ဆင့်ကဲ၊ ဆင့်ကဲ ရွေးချယ်ခဲ့ရာ မန်းဘခင် ရေးဆွဲတင်ပြသော (ယခု အသုံးပြုသော) အလံကို ကရင်အမျိုးသားအလံတော်အဖြစ် အပြီးသတ်မှတ်ရွေးချယ်လိုက် ကြလေသည်။

ကရင်အမျိုးသားသီချင်းကိုမူ စောသာအေးကြီးနှင့် စောစံဘတို့က ရေးစပ်ပြီး တင်ပြခဲ့ရာ "ဒေါကလူ"အသင်းကြီး၏အမှုဆောင် ကရင်အမျိုးသားခေါင်းဆောင်များက လက်ခံ အတည်ပြုလိုက်ကြသည်။ ၎င်းနောက် စောသာအေးကြီးက သီချင်းသံစဉ်ကို ပြုစုခဲ့ သဖြင့် ယခုအသုံးပြုသော ကရင်အမျိုးသားသီချင်းသည်လည်း ဝင့်ဝင့်ကြွားကြွားပေါ် ပေါက် လာလေသည်။

မန်းဘခင်သည် မြန်မာပြည်လွတ်လပ်ရေးရပြီး၍ ၆ လအကြာ အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးသည့် တစ်နှစ်တိတိပြည့်သည့်နေ့ ၁၉၄၈ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့ အသက် ၆၁ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

## ၁၂။ စောသာအေးကြီး

### (ကရင်အမျိုးသားသီချင်းအားရေးစပ်ပြီး သီချင်းသံစဉ်ပြုစုသူ)

စောသာအေးကြီးကို ပုသိမ်မြို့နယ် မကြီးလဟာ ကျေးရွာတွင် ၁၉၀၂ ခုနှစ်၌ မွေးဖွားသည်။ ၁၉၂၂ ခုနှစ်တွင် ပုသိမ်မြို့ရှိ တိုင်တစ်ရာ အထက်တန်းကျောင်းတွင် ၁၀ တန်း အောင်မြင်ခဲ့သည်။ ၁၉၂၄ ခုနှစ်မှ ၁၉၂၇ ခုနှစ်အထိ ရန်ကုန်ဂျပ်ဆင်ကောလိပ်တွင် I.Sc အောင်ပြီး B.Sc ပထမနှစ်အထိ ပညာသင်ကြားခဲ့သည်။

၁၉၃၃ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ပုသိမ်မြို့တွင် စိုက်ပျိုးရေး မြို့အုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက်ပိုင်း ပုသိမ်ခရိုင် စိုက်ပျိုးရေး ဝန်ထောက်အဖြစ် ၁၉၄၁ ခုနှစ်မှ ၁၉၄၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းနောက် ၁၉၄၇ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့(SAMB)တွင် အမှုဆောင်အရာရှိ (EO)အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ စောသာအေးကြီးသည် ကရင်အမျိုးသားသီချင်းကို စောစံဘာနှင့် အတူ ပူးပေါင်းပြီး ပြုစုခဲ့သည်။ ၁၉၅၉ ခုနှစ် အသက် ၅၇ နှစ်အရွယ်တွင် မြောင်းမြမြို့နယ် ရေတွင်းရေကန်ရွာ၌ ကွယ်လွန်ခဲ့သည်။

## ၁၃။ စောစံဘာ

### (ကရင်အမျိုးသားသီချင်းကို စောသာအေးကြီးနှင့်အတူ ရေးစပ်ခဲ့သူ)

စောစံဘာသည် ပုသိမ်မြို့ စကောကရင် အထက်တန်းကျောင်းမှ ဆယ်တန်း အောင်မြင်ခဲ့ပြီး ဂျပ်ဆင်ကောလိပ်ကျောင်း ဒဿနိကဗေဒ ဂုဏ်ထူးတန်းကို အောင်မြင်သည်။ အမေရိကန်နိုင်ငံတွင် ဘွဲ့လွန်အတွက် ဓမ္မတက္ကသိုလ်တွင် ဓမ္မပညာများ ဆည်းပူးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံသို့ ပြန်ရောက်လာပြီး အင်းစိန်မြို့ ကရင် ကျမ်းစာကျောင်းတွင် သီသြလော်ဂျီပညာရပ်ကို ရွေးချယ်ပို့ချခဲ့သည်။

ပုသိမ်မြို့ရှိ စကောကရင် အထက်တန်းကျောင်းတွင် ကျောင်းအုပ်ကြီးအဖြစ် ဖိတ်ခေါ် ခံရသဖြင့် ပြန်၍ ကျောင်းအုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။

စောသာအေးကြီးနှင့်အတူ ကရင်အမျိုးသားသီချင်းကို ရေးစပ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဆရာကြီးစောစံဘာသည် မြန်မာနိုင်ငံသို့ ကျူးကျော်ဝင်ရောက်လာသော ဂျပန်များက အင်္ဂလိပ်ကို ဖုံးကြဲတိုက်ခိုက်ရာတွင် ဖုံးထိမှန်၍ ကွယ်လွန်ခဲ့သည်။

# ၁၄။ မန်းဝင်းမောင်

## (အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာ သီရိသုဓမ္မ နိုင်ငံတော်သမ္မတ)

မန်းဝင်းမောင်ကို ကျုံပျော်မြို့နယ် လှည်းဆိပ် ကျေးရွာနေ အဖ မန်းရွှေရင်၊ အမိ ဂါ့သာယာ တို့က ၁၉၁၆ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ပုသိမ်မြို့ ပိုးကရင် အထက်တန်းကျောင်း ဘော်ဒါဆောင်တွင် ပညာသင်ကြားပြီး ဆယ်တန်းအောင်မြင်ပြီး သောအခါ ရန်ကုန်ဂျပ်ဆင်ကောလိပ်သို့ ဆက်လက် ပညာသင်ကြားခဲ့သည်။

၁၉၃၇ ခုနှစ်တွင် ဘီအေဘွဲ့ရရှိခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် မေမြို့ ဗိုလ်သင်တန်း ကျောင်းတက်ခဲ့သည်။ ၁၉၄၂ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ရန်ကုန်မြို့သည် ဂျပန်လက်ထဲ ကျရောက်သွားရာ ဗိုလ်သင်တန်းလည်း ပိတ်လိုက်ရသဖြင့် မန်းဝင်းမောင်သည် မေမြို့မှ မန္တလေး၊ ထိုမှ ရန်ကုန်သို့ ဆင်းလာပြီး တွံတေးမြို့နယ် သုံးအိမ်ရွာတွင် ယခင်က မိမိနှင့်အတူ ဘဏ္ဍာရေးဌာနတွင် အမှုထမ်းခဲ့ဖူးသည့် မိတ်ဆွေ ဦးထွန်းရှိန်နှင့်အတူ စစ်ဘေးစစ်ဒဏ် ခိုလှုံနေရင်း ဦးထွန်းရှိန်၏ ညီမအရင်း ဒေါ်မြမေနှင့် အကြောင်းပါခဲ့သည်။ ဂျပန်တော်လှန်ရေး အတွက် စစ်ပညာသင်ရန် ၁၉၄၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက် နေ့တွင် သခင်ဗိုလ်နှင့်အတူ မြစ်ကြီးနားလေဆိပ်မှ အိန္ဒိယသို့ သွားရောက်ခဲ့သည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် အိန္ဒိယပြည် ဂျက်ဆို(ယခု ဘင်္ဂလားဒေ့ရှ်) လေဆိပ်မှ ဗြိတိသျှ သုံးဦး၊ မန်းဝင်းမောင်၊ ကာနယ်ချစ်ကောင်း အပါအဝင် မြန်မာသုံးဦး၊ စုစုပေါင်းခြောက်ဦး လေယာဉ်ဖြင့် ထွက်ခွာလာပြီး၊ တောင်ငူနယ်ထဲတွင် လေထီးဖြင့် ဆင်းကြ သည်။ မြေပြင်အရောက်တွင် ကန်သင်းရိုးပေါ် ကျသဖြင့် မန်းဝင်းမောင် ခြေတောက် ဒဏ်ရာရ ခဲ့သည်။ မန်းဝင်းမောင်အား တောင်ငူမှ မိတ္ထီလာ၊ ထိုမှတစ်ဆင့် ကာလကတ္တားသို့ လေယာဉ် ဖြင့် ပို့ဆောင် ဆေးကုသပေးခဲ့ရသည်။ ၁၉၄၅ ခုနှစ် အောက်တိုဘာလဆန်း လောက်တွင် မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။

စစ်ပြီးခေတ် ပြန်လည်ဖွဲ့စည်းသည့် ကရင်လူငယ်အစည်းအရုံး(KYO)တွင် ဒုတိယ ဥက္ကဋ္ဌအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ကျင်းပသော တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲတွင် မန်းဝင်းမောင်သည် ကျုံပျော် မဲဆန္ဒနယ်မှ ရွေးချယ်ခံခဲ့ရသည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ အာဇာနည်ခေါင်းဆောင် ကြီးများ လုပ်ကြံခံရသည့်အခါ ကျဆုံးသွားသည့် မန်းဘခိုင်နေရာတွင် မန်းဝင်းမောင်သည် သခင်နု၏ ဖဆပလ အဖွဲ့ဝင်ဝန်ကြီးအဖြစ် ရွေးချယ်ခံခဲ့ရသည်။ ဖဆပလ အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ် ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံသမ္မတ ဦးဘဦး တာဝန်သက်တမ်း ကုန်ဆုံးသည့်အခါ မြန်မာနိုင်ငံ၏ တတိယမြောက်သမ္မတအဖြစ် ၁၉၅၇ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ပါသည်။



# ၁၅။ စောဘဦးကြီး

## (ကရင်အမျိုးသားခေါင်းဆောင်၊ KNU ဥက္ကဋ္ဌ)

စောဘဦးကြီးကို ပုသိမ်မြို့ အရှေ့မြောက်ဘက် ဘဲဂရက်ရွာတွင် ၁၉၀၅ ခုနှစ်တွင် မွေးဖွားသည်။ စောဘဦးကြီး၏ဖခင် စောသာမြတ်ကြီးသည် ဘဲဂရက်တစ်နယ်လုံးတွင် လယ်ယာမြေအများဆုံး ပိုင်ဆိုင်သော မြေပိုင်ရှင်သူဌေးကြီးတစ်ဦးဖြစ်သည်။

စောဘဦးကြီးသည် ပုသိမ်မြို့ တိုင်တစ်ရာအထက်တန်းကျောင်း(ကိုသာဖြူကျောင်း)တွင် စတင်ပညာသင်ကြားပြီး ၁၀ တန်း အောင်မြင်ပြီးနောက်၊ မော်လမြိုင်မြို့ရှိ မစ္စတာ"ဝက်ဘ်ဒက်စပွန်"၏ အထူးအင်္ဂလိပ်ကျောင်း၌ ဆက်လက်ပညာသင်ကြားသည်။ ထိုမှ အင်္ဂလန်နိုင်ငံသို့ မိမိစရိတ်ဖြင့်သွား၍ ဝတ်လုံဘွဲ့ကို ရယူခဲ့သည်။

စောဘဦးကြီးသည် မြန်မာနိုင်ငံသို့ပြန်လာပြီး ဝတ်လုံဘဝဖြင့်ရှိနေစဉ် ရှမ်းပြည် သီပေါနယ်မှ စော်ဘွား မျိုးနွယ်တစ်ဦး၏ နန်းတွင်းလုပ်ကြံမှုတွင် တရားခံအဖြစ် စွဲဆိုခံရသော စောသီဟ၏ ဝတ်လုံအဖြစ်ဆောင်ရွက်ခဲ့သည်။ စောဘဦးကြီး၏ လျှောက်လဲချက်ကြောင့် စောသီဟမှာ အမှုမှကွင်းလုံးကျွတ်လွတ်သွားခဲ့သည်။ ထို့ကြောင့် စောဘဦးကြီးသည် ဝတ်လုံဘဝဖြင့်ထင်ပေါ်ကျော်ကြားလာသော်လည်း ဒုတိယကမ္ဘာစစ်ဖြစ်လာသဖြင့် သက်မွေးဝမ်းကျောင်းခွင့်ပြုမရဘဲ စစ်ပြီးခေတ်တွင် အမျိုးသားရေး၊ နိုင်ငံရေးနယ်ပယ်ထဲသို့ရောက်ရှိလာလေသည်။

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ဂျပန်က လက်နက်ချလိုက်ကြောင်း ကြေညာလိုက်သဖြင့် ဒုတိယ ကမ္ဘာစစ်ကြီးပြီးဆုံးသွားလေသည်။ ဩဂုတ်လ ၁၉ ရက်နေ့တွင် မြန်မာပြည်လွတ်လပ်ရေးနှင့် ညီညွတ်ရေးအတွက် ဖတပလ(ဖဆပလ) အဖွဲ့မှကြီးမှူး၍ "နေသူရိန်"အစည်းအဝေးကြီးကို ကျင်းပသည်။ ယင်းအစည်းအဝေးမှ ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် ၃၆ ဦး အား ရွေးချယ်ခန့်အပ်ရာတွင် ကရင်အမျိုးသား အကြံပေး ဘုတ်အဖွဲ့ဝင်များဖြစ်ကြသော

မန်းဘခိုင်၊ စောဘဦးကြီးနှင့် ဆရာသာထိုတို့ ဗဟိုဦးစီး အဖွဲ့ဝင်များ ဖြစ်လာကြသည်။ ထို့နောက် အောက်တိုဘာလ ၁ ရက်မှ ၃ ရက်နေ့အထိ ကြည့်မြင်တိုင်မြို့နယ် ဦးလူနီလမ်းရှိ အိမ်အမှတ် ၂ တွင် ဗဟိုကရင်အမျိုးသား အကြံပေးဘုတ်အဖွဲ့ (Karen Central Advisery Board) အစည်းအဝေးကို ကျင်းပသည်။ ထိုအစည်းအဝေးတွင် ယခင် ဗဟိုကရင်အမျိုးသား အကြံပေးဘုတ်အဖွဲ့အစား ကရင်အမျိုးသားဗဟိုအဖွဲ့ချုပ် (KCO - Karen Central Organization) ဟူ၍ ဖွဲ့စည်းလိုက်ကြသည်။ ယင်း KCO ကရင်အမျိုးသားအဖွဲ့သည် ဒေါက်လူအသင်း ပြီးလျှင် စစ်ပြီးခေတ်၌ ပထမဆုံးဖွဲ့စည်းသည့် ကရင်အမျိုးသား အဖွဲ့အစည်းကြီးတစ်ခုပင် ဖြစ်သည်။ ယင်းအဖွဲ့၏ အမှုဆောင်လူကြီးများမှာ ဥက္ကဋ္ဌနှင့် ငွေထိန်း စောသာဒင်၊ လက်ထောက်ငွေထိန်း စောဘဦးကြီး၊ အတွင်းရေးမှူး မန်းဘခင်၊ တွဲဘက်အတွင်းရေးမှူး ဆရာသာထိုနှင့် ကော်မတီ အမှုဆောင်လူကြီးများအဖြစ် မန်းဘခိုင်နှင့် စောမြတ်သိန်းတို့ဖြစ်ကြသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့၌ KCO နှင့် KYO ပူးပေါင်းအစည်းအဝေး တစ်ရပ်ကျင်းပရာမှ ပထမနေ့တွင် KNU ခေါ် ကရင်အမျိုးသားအစည်းအရုံးကို အောင်မြင်စွာ ဖွဲ့စည်းနိုင်လိုက်ကြသည်။ ယင်းနောက် တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲ ဝင်ရေး မဝင်ရေးပြဿနာ ပေါ် ပေါက်လာရာ စောဘဦးကြီးက တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ ဝင်ရေးမဝင်ရေးပြဿနာသည် ကရင်တစ်မျိုးသားလုံးဆိုင်ရာအရေးဖြစ်သဖြင့် ကရင်တစ်မျိုးသားလုံး၏ ဆန္ဒနှင့် ဆုံးဖြတ်ချက်အပေါ် တွင် အလေးအနက်ထား စဉ်းစားရမည် ဖြစ်ကြောင်း သတိပေး ပြောကြားသွားသည်။

စောဘဦးကြီးသည် KNU တွင် ဒုဥက္ကဋ္ဌ၊ ၎င်းမှ ဥက္ကဋ္ဌဖြစ်လာပြီး ကရင်အမျိုးသားတို့၏ အရေးကိစ္စတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့သည်။ KNU ဥက္ကဋ္ဌ ဖြစ်လာသော စောဘဦးကြီးသည် လွတ်လပ်ရေးရပြီးစကာလ နိုင်ငံရေးပဋိပက္ခ ပြင်းထန်ချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် KNDO စစ်ရေးတာဝန်ခံ စောစန်းကေ၊ လူငယ်တာဝန်ခံ စကော မောလေတို့နှင့်အတူ ညောင်လေးပင်မှတစ်ဆင့် တောင်ငူသို့ သွားရောက်ခဲ့သည်။

စောဘဦးကြီးနှင့် အဖွဲ့သည် တောင်ငူမှ ထွက်ခွာလာပြီး ၁၉၅၀ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကော့ကရိတ်မြို့နယ် မြောက်ပိုင်း "ထော့ကိုကူး"ရွာရှိ ယာတဲတစ်ခုတွင် စခန်းချနေစဉ် အစိုးရတပ်၏ အလစ်တိုက်ခိုက်မှုခံလိုက်ပြီး KNDO စစ်ရေးတာဝန်ခံ စောစန်းကေနှင့်အတူ ကျဆုံးသွားသည်။ စောဘဦးကြီး၏ အချစ်ဆုံး ကျောင်းနေဘက် သူငယ်ချင်း ထိုင်းနိုင်ငံသား ခရိုင်ဝန်တစ်ဦးက သူမသေဆုံးမီ မိသားစုဝင်များအား မှာကြားရာတွင် သူ၏ အုတ်ဂူအား စောဘဦးကြီး၏ အုတ်ဂူနှင့်ယှဉ်တွဲပြီး ပြုလုပ်ပေးရန်ဖြစ်သည်။ ထို့ကြောင့် စောဘဦးကြီး ကျဆုံးသည့် နေရာဖြစ်သော ဒေါနတောင်ခြေ "ထော့ကိုကူး" တွင် အချစ်ဆုံး သူငယ်ချင်း နှစ်ဦးတို့၏အုတ်ဂူအား တွေ့မြင်ရသည်။ ထိုင်းနိုင်ငံသားခရိုင်ဝန်၏ မိသားစုဝင်များက ၎င်းတို့၏အဘိုးအုတ်ဂူသို့ နှစ်စဉ်လာရောက်ဂါရဝပြုလျက် ရှိကြောင်းသိရှိရသည်။

## ခိုင်မြဲတည်တံ့သောအစိုးရ (စောဘဦးကြီးရေးသည်)

တိုင်းပြည်မရှိသောလူတစ်မျိုးသည် လူမျိုးကြီးတစ်မျိုး(Nation)ဟု ကမ္ဘာက အသိအမှတ် ပြုလိမ့်မည် မဟုတ်ချေ။ အကြောင်းမူကား ၎င်းလူမျိုးသည် ကိုယ့်မင်းကိုယ့်ချင်းနှင့် နေနိုင်ခွင့်မရဘဲ တစ်ပါးအမျိုးသားများ၏ လက်အောက်၌သာ နေထိုင်ကြရခြင်းကြောင့် ဖြစ်ပေသည်။ ပင်ကိုယ်တိုင်းပြည်ရှိနှင့်သောလူမျိုးသည် ကိုယ့်မင်းကိုယ့်ချင်းနှင့် မနေရသော် မိမိတို့၏ ညံ့ဖျင်းမှုကြောင့်သာလျှင်ဖြစ်ပြီး နိုင်ငံရပ်ခြား တိုင်းတစ်ပါးသားများ၏ လက်အောက်ခံအဖြစ်ဖြင့်သာ အောက်ကျ နောက်ကျ ရှိကြရလေသည်။

သို့ရာတွင် ကိုယ့်တိုင်းကိုယ့်ပြည် ကိုယ့်မင်းကိုယ့်ချင်းနှင့်ရှိသော လူမျိုးတို့သည်ကား သူတစ်ပါး၏ လက်အောက်ခံသို့ မရောက်စေရန် ခိုင်မြဲတည်တံ့သော အစိုးရကို ရရန်အတွက် အင်တိုက်အားတိုက် လုံးပန်းကြရမည်ပင် ဖြစ်သည်။ အောက်ပါ အချက်ကြီး သုံးချက်နှင့် ပြည့်စုံသော အစိုးရသည် ကာလကြာမြင့်စွာ တည်တံ့နိုင်မည် ဖြစ်ပေသည်။

## (၁) လူထုမေတ္တာ

အစိုးရတိုင်း၌ ပထမလိုအပ်သော တာဝန်ဝတ္တရားသည်ကား တိုင်းပြည်အတွင်း ငြိမ်ဝပ်ပိပြားအောင် စောင့်ရှောက်ထိန်းသိမ်းရေးပင်ဖြစ်သည်။ တိုင်းပြည်အတွင်း ငြိမ်ဝပ်ပိပြားမှု ရရှိသည်နှင့်အမျှ တိုင်းရင်းသားများ၏ အသက်နှင့်စည်းစိမ်လုံခြုံမှုကို ရရှိနိုင်မည်ဖြစ်၍ တိုင်းရင်းသားများ၏ သက်သာချောင်ချိရေးသည် ပေါက်ဖွားလာကာ အစိုးရအပေါ်၌ ကြည်ညိုလေးစား အားထားလိုသော မေတ္တာစိတ်များသည် အလိုအလျောက် ဖြစ်ပေါ်လာမည် ဖြစ်ပေသည်။ လူထု၏ မေတ္တာအစစ်အမှန်ကို တကယ် ရရှိသော အစိုးရသည် မိမိတို့၏ စီမံအုပ်ချုပ်မှု၌ အခက်အခဲဟူသမျှတို့ကို လွယ်ကူစွာ အောင်မြင်နိုင်မည် ဖြစ်သဖြင့် အုပ်ချုပ်ရေး တည်တံ့မှုကို ရရှိနိုင်မည် ဖြစ်ပေမည်။ သို့ဖြစ်၍ တည်တံ့ခိုင်မြဲလိုသော အစိုးရတိုင်း တိုင်းပြည်၏ မေတ္တာကို ရယူသင့်ကြပေသည်။

## (၂) လူထု၏ကြည်ညိုခြင်း

အစိုးရ၏ အုပ်ချုပ်မှုတည်တံ့ရေးတွင် အကျုံးဝင်လျက်ရှိသော အရင်းခံဝတ္တရားကြီးတစ်ခုသည်ကား တိုင်းပြည်၏ ကိုယ်စားလှယ်အစစ်အမှန်များကို တရားသော နည်းအတိုင်း ရွေးကောက်တင်မြှောက်၍ အဆိုပါကိုယ်စားလှယ်များက ရေးဆွဲသော ဥပဒေ

များကို တိုင်းရင်းသားအားလုံး စည်းကမ်းသေသပ်စွာ ညီညီညာညာလိုက်နာကြခြင်းပင် ဖြစ်၏။ အစိုးရသည် တိုင်းပြည်၏ စည်းကမ်းဥပဒေအရ တရားသဖြင့် အုပ်စိုးနိုင်မှသာ လျှင် လူထုကြည်ညိုခြင်းကို ခံရလိမ့်မည်ဖြစ်၏။ လူထု၏ ကြည်ညိုခြင်းကို ရရှိလာလျှင် အုပ်ချုပ်ရေး တည်တံ့ခိုင်မြဲနိုင်မည် ဖြစ်ပေသည်။ မျက်နှာကြီးငယ်လိုက်ခြင်း၊ အဂတိ တရား လိုက်စားခြင်း၊ လာဘ်ပေးလာဘ်ယူမှုများကို လက်သင့်မခံခြင်း စသည် တို့ဖြင့် မကောင်းသော အစိုးရသည် လူထု၏ အကြည်ညိုကို အခိုက်အတန့်မျှသာ ရယူနိုင်မည်ဖြစ် သဖြင့် လူထု၏ထောက်ခံမှုကို ကြာမြင့်စွာ မရနိုင်ဘဲ အုပ်ချုပ်ရေး တည်တံ့မှုကို ပျက်ပြား စေရန် အကြောင်းတစ်ရပ် ဖြစ်ပေသည်။

## (၃) လုံခြုံမှုအတွက် စိတ်ချရခြင်း

တိုင်းသူပြည်သားအားလုံးတို့၏ လုံခြုံစွာ နေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရသည် စီမံပေးနိုင်ရမည် ဖြစ်၏။ ပြည်တွင်း၏ ဆူးညှောင့် ခလုတ်များ ဖြစ်ကြသော ခိုးသား၊ ဓားပြနှင့် သောင်းကျန်းသူများကို နှိမ်နင်းနိုင်ရမည့်အပြင် ပြည်ပဖြစ်သော တိုင်း တစ်ပါးသားတို့၏ ဘေးရန်ကိုလည်း ကာကွယ်ပေးနိုင်စွမ်းရှိရမည် ဖြစ်ပေသည်။ တိုင်း ပြည်အတွင်း လုံခြုံမှုအတွက် စိတ်ချလက်ချမနေကြရလျှင် တိုင်းရင်းသားများသည် မိမိ တို့၏အစိုးရအပေါ် တွင် အယုံအကြည်ပျက်ပြားကာ အုပ်ချုပ်မှုတည်တံ့ရေးကို ချက်ချင်း ထိခိုက်နိုင်စရာအကြောင်း ရှိပေသည်။ ဖော်ပြပါ အချက်ကြီး သုံးချက်နှင့် ပြည့်စုံသော အစိုးရတိုင်းသည် မိမိတို့၏ အုပ်ချုပ်ရေးနှင့် ပတ်သက်၍ တိုင်းရင်းသားများ၏ ယုံကြည် အားထားမှု၊ ကြည်ညိုလေးစားမှု၊ စိတ်သက်သာမှု စသည်တို့ကို တကယ်တမ်း ရရှိနိုင် မည် ဖြစ်ရာ တိုင်းရင်းသားအားလုံး ကြီးပွားတိုးတက်မှု သက်သာချောင်ချိမှုတို့ကြောင့် စည်ပင်ဝပြောသော တိုင်းပြည်အဖြစ်သို့ အသွင်ပြောင်းနိုင်မည် ဖြစ်သည့်အတိုင်း တည် တံ့ ခိုင်မြဲသောအစိုးရ အဖြစ်ဖြင့် တည်မြဲနိုင်မည်ဖြစ်သောကြောင့် ကမ္ဘာတစ်ခွင်၌ တိုင်း ပြည် အသီးသီးရှိ အစိုးရအဖွဲ့တိုင်းသည် တည်တံ့ခိုင်မြဲသော အစိုးရဖြစ်လိုသော် ဖော်ပြ ပါ အချက်ကြီး သုံးချက်ကို လက်မလွတ်သင့်ကြောင်း ရေးသားရပေသည်။


*(၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်ထုတ် ဆရာသာထို၏ "လွတ်လပ်ရေး လမ်းစဉ်" စာအုပ်ပါ ခေါင်းဆောင်ကြီး စောဘဦးကြီး၏ ဆောင်းပါး)*

## စောဘဦးကြီးပြောသော သမိုင်းဝင်စကား

"ကျွန်တော်တို့ ကရင်အမျိုးသားများကို သတိပေးလိုတဲ့ အချက်များလည်း ရှိပါတယ်။ မိမိတို့လိုတဲ့ သီးခြားပြည်နယ်တော့ ရှိပါပြီ ဆိုပါတော့။ မိမိတို့ဟာ သီးခြားပြည်နယ်နဲ့ တန်ရဲ့လား။ မတန်ရင် ဒီသီးခြားနယ်တောင်းဖို့ ကောင်းမလားဆိုတဲ့ အချက်ကိုလည်း အထူးစဉ်းစားဖို့ ရှိပါတယ်။ ခင်ဗျားတို့ ကရင်များဟာ သီးခြားနယ်နဲ့ တန်ရဲ့လားလို့ မေးရင် တန်တယ်လို့ ပြောကြလိမ့်မယ်။ ခင်ဗျားတို့နယ်ကို ဘယ်သူအုပ်ချုပ်မလဲလို့မေးရင် ကရင်ပဲ အုပ်ချုပ်မယ်။ ကရင်မှ မအုပ်ချုပ်ရင် ဘယ်ဖြစ်မလဲလို့ ပြောကြလိမ့်မယ်။ ခင်ဗျားတို့နယ်ကို ဓားပြ၊ လူဆိုးတွေ အုပ်ချုပ်ရင် ကြိုက်မလားလို့မေးရင် မကြိုက်ဘူးလို့ ဖြေကြလိမ့်မယ်။ ခင်ဗျားတို့ကိုယ်တိုင်က သူခိုး၊ ဓားပြတွေ ဖြစ်နေရင် ဒီသီးခြားနယ်နဲ့ ခင်ဗျားတို့ တန်မလား။ မတန်ဘူးလို့ ဆိုရမယ်။ ဒါကြောင့် ကျွန်တော်သတိပေးလိုတာက သီးခြားနယ်နဲ့နေလိုကြရင် သီးခြားနယ်နဲ့ တန်အောင်နေကြပါ။ သူခိုး၊ ဓားပြမျိုး ဖြစ်နေကြရင်တော့ သီးခြားနယ်နဲ့ မတန်သေးဘူး၊ ဒါကို ခင်ဗျားတို့ အထူး စဉ်းစားကြပါ"

"ကျွန်ုပ်တို့၏ တော်လှန်ရေးတွင် လူထုသည် အဓိကရင်းမြစ်ဖြစ်ပြီး လူထု၏ ချစ်ခင်လေးစားတန်ဖိုးထား ကူညီပံ့ပိုးမှုရယူရန် လိုအပ်သည်"

"ကျွန်ုပ်တို့၏ အားနည်းချက်များကို ရှာဖွေဖော်ထုတ်ပြီး ကောင်းမွန်အောင် ပြုပြင်ရမည်"



# ၁၆။ ဒေါက်တာတီသံပြာ

## (ဒေါကလုအသင်း၏ ပထမဆုံး ဥက္ကဋ္ဌ)

စောတီသံပြာကို ၁၈၄၂ ခုနှစ် ပုသိမ်မြို့အပိုင် ကျုံလာရွာတွင် မွေးဖွားသည်။ ၆ နှစ် သားအရွယ်တွင် ဖခင်သေဆုံး၍ မိခင်၏ ကျွေးမွေးစောင့်ရှောက်မှုဖြင့် ကြီးပြင်းလာခဲ့ရသည်။ စောတီသံပြာသည် ငယ်စဉ်က မိခင်၏ သွန်သင်မှုကို တသွေမတိမ်းနာခံတတ်သော သားလိမ္မာတစ်ဦးဖြစ်သည်။ ငယ်စဉ်ကလေးအရွယ်ကပင် ကျွဲကျောင်းပြီး ဝမ်းစာရှာဖွေပြီး မိခင်၏ ဝန်ထုပ်ကို ကူညီထမ်းရွက်ခဲ့သည်။

စောတီသံပြာ ၈ နှစ်သားအရွယ်တွင် ကျုံလာရွာကို ဓားပြများဝင်ရောက်မီးရှို့သဖြင့် တစ်ရွာလုံး ပြာကျခဲ့လေသည်။ ထိုကြောင့် ကျုံလာရွာထက် ပိုမိုလုံခြုံသည့် ကျုံတာရွာသို့ တစ်ရွာလုံး ပြောင်းရွှေ့နေထိုင်ရလေသည်။

ငယ်စဉ်ကပင် ကြည့်တတ်၊ မှတ်တတ် လေ့လာစူးစမ်းတတ်ခြင်းနှင့် နားလည် လွယ်ကူတတ်သော မွေးရာပါ ပင်ကိုယ်အရည်အချင်းများရှိသောကြောင့် ဦးလေးတော်သူ ဦးရွှေငုံက သူ၏ ဆေးပညာအရိုက်အရာကို ခံယူစေရန် ရည်ရွယ်ခဲ့သည်။ ဦးလေး ဦးရွှေငုံက ဆေးမြစ်များကို တူး၍ မှတ်သားစေလေသည်။ စောတီသံပြာလည်း ဦးလေးခိုင်းသမျှကို ဂရုတစိုက် ကြိုးစားလုပ်ကိုင်ကာ မှတ်သားစေလေသည်။

စောတီသံပြာငယ်စဉ် နွားကျောင်းသားဘဝ အောက်မြန်မာနိုင်ငံ၏ အခြေအနေမှာ မငြိမ်မသက် ဖြစ်နေသည်။ အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲအပြီး၌ ရခိုင်နှင့် တနင်္သာရီတိုင်းကို အင်္ဂလိပ်လက်သို့ ပေးအပ်လိုက်ရသည်။ ယခုလည်း အောက်မြန်မာပြည်သည် မင်းနေပြည်တော်၏ အုပ်ချုပ်မှုမှ ကင်းလွတ်နေသည်။ ထို့ကြောင့် တောမီးလောင် တောကြောင်လက် ခမောင်းခတ်ဆိုသကဲ့သို့ လူဆိုးသူခိုး ဓားပြများ အလွန်ပေါများ၏။ မီးရှို့ လုယက် တိုက်ခိုက်ကြသည်။ ထို့ကြောင့် အောက်မြန်မာပြည် ပြည်သူများမှာ မရှုနိုင် မရှိုက်နိုင် ဖြစ်နေကြရသည်။

စောတီသံပြာ ၁၀ နှစ်သားအရွယ်တွင် ဒုတိယစစ်ပွဲဖြစ်လာသဖြင့် သူတို့ သားအမိမှာ ကျုံတာရွာတွင် ဆက်လက်မနေနိုင်တော့ဘဲ ပုသိမ်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရလေသည်။ ပုသိမ်တွင် အမေရိကန်နှစ်ခြင်း သာသနာပြုအဖွဲ့မှ ဖွင့်လှစ်သော သာသနာကျောင်း၌ ပညာသင်ကြားခွင့်ရခဲ့သည်။ ထိုသာသနာကျောင်း ကရင်စာကို အဓိကထား သင်ကြားပြီး ပထဝီ၊ သင်္ချာ စသော ကျောင်းစာများအပြင် တောင်း၊ ပလုံးယက်ခြင်း၊ လက်သမား လုပ်ငန်း စသည့် လက်တွေ့အသက်မွေးဝမ်းကျောင်း ပညာများကိုလည်း တွဲဘက် သင်ကြားပေးသည့် ကျောင်းလည်း ဖြစ်လေသည်။ ထိုကျောင်းသည် နောင်တွင် ကိုးဆူအကယ်ဒမီကျောင်း ဖြစ်လာလေသည်။

ထိုစဉ်က သူသင်ကြားရသော ကရင့်စာများမှာ အမေရိကန်နှစ်ခြင်းသာသနာပြုအဖွဲ့မှ ဒေါက်တာ ဂျော်နသန်ဝိတ် ၁၈၃၈ ခုနှစ်တွင် တီထွင်သော စကောကရင်စာနှင့် ၁၈၄၈ ခုနှစ်က ဘုန်းတော်ကြီးဘရေတန် တီထွင်သော ပိုးကရင်စာတို့ ဖြစ်သည်။ ပိုး စကော စာနှစ်မျိုးလုံးမှာ မြန်မာ၊ မွန်ဗျည်းအက္ခရာအပေါ် အခြေခံထားခြင်း ဖြစ်သည်။

အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲအပြီး မွန်နှင့် မြန်မာနယ်များကို အင်္ဂလိပ်စစ်တပ်က သိမ်းပိုက်လိုက်သည့် အခါတွင် မော်လမြိုင်၌ အခြေပြုနေသော အမေရိကန်နှစ်ခြင်း သာသနာပြုအဖွဲ့သည် ရန်ကုန်သို့ ပြောင်းရွှေ့အခြေချလိုက်တော့သည်။

ထို့နောက် အောက်မြန်မာပြည်ရှိ ပုသိမ်၊ ပြည်၊ ပဲခူး စသော ဒေသများ၌ သာသနာပြုလုပ်ငန်း စတင် ဆောင်ရွက်ကြသည်။ သာသနာပြုလုပ်ငန်းများမှာ သာသနာပြုလုပ်ငန်း သက်သက်မဟုတ်ဘဲ စာပေသင်ကြားမှုနှင့် ဆေးဝါးကုသမှုများကိုလည်း ပူးတွဲဆောင်ရွက်သဖြင့် ဒေသခံလူမျိုးများမှာ စာပေများတတ်မြောက်လာကြပြီး သာသနာပြုလုပ်ငန်းအဖို့လည်း ပိုမို၍ အခြေခိုင်မြဲလာခဲ့သည်။

၁၈၅၄ ခုနှစ်တွင် ပုသိမ်နှင့် ဟင်္သာတသို့ သာသနာပြုမှု စတင်ဆောင်ရွက်ခဲ့သည်။ ဓနုဖြူမြို့တွင် ဘုန်းတော်ကြီး ဒီ အယ်လ် ဘရေတန် တည်ထောင်သော သာသနာပြုကျောင်း ဖွင့်ပွဲတွင် စောတီသံပြာတို့သားအမိ တက်ရောက်ခဲ့ကြသည်။ (စောတီသံပြာတို့သားအမိနှင့် ရန်ကုန်မြို့တွင် ရောက်ရှိလာသော သာသနာပြုဆရာ မစ္စတာဗင်တန်ဇနီးတို့နှင့် ပထမဦးဆုံး တွေ့ဆုံကြခြင်း ဖြစ်သည်။)

သာသနာပြုဆရာ မစ္စတာဗင်တန်တို့ ဇနီးမောင်နှံသည် စောတီသံပြာ၏ ဖျတ်လတ်မှုကို သဘောကျ သည်။ ထို့ကြောင့် ဓနုဖြူမှ သာသနာပြု အစည်းအဝေးပွဲပြီးသည့်အခါ စောတီသံပြာကို ရန်ကုန်သို့ ခေါ် ဆောင်ခဲ့သည်။ ရန်ကုန်မှတစ်ဆင့် အမေရိကန်သို့ ပညာသင် ခေါ် ဆောင်သွားရန်ဖြစ်သည်။ သို့သော် မစ္စတာဗင်တန်သည် သာသနာလုပ်ငန်းတွင် မနားမနေ ပင်ပန်းမှုဒဏ်များကြောင့် ၁၈၅၈ ခုနှစ်တွင် ကွယ်လွန်သွားခဲ့ရာ စောတီသံပြာ၏ အမေရိကန်သို့ ပညာသင်သွားရန် အစီအစဉ်မှာ ယာယီရပ်ဆိုင်းသွားခဲ့ရသည်။ သို့သော် အကျပ်အတည်းကြားထဲကပင် ဆက်လက်သင်ကြားခဲ့သည်။ စောတီသံပြာသည် လုံ့လဝီရိယရှိပြီး မှတ်ဉာဏ်ကောင်းသူဖြစ်သည်။ သာသနာပြုဆရာများ၏ သင်ကြားမှုကိုလည်း

ဂရုတစိုက် ကြိုးစားလေ့လာ နာယူမှတ်သားခဲ့သည်။

ထိုသို့ ရှိစဉ်သာသနာပြုဆရာ မစ္စတာအင်ဂေါလ်၏ဇနီး မစ္စက်အင်ဂေါလ်၏ ကျေးဇူးဖြင့် စောသံပြာ အမေရိကန်သို့သွားရန် အကြောင်းတိုက်ဆိုင်လာပြန်သည်။ မစ္စတာ အင်ဂေါလ်တို့၏ ဇနီးမောင်နှံမှာ မော်လမြိုင် ရခိုင်နှင့် ရန်ကုန်ဒေသတစ်လျှောက်တွင် ၁၉ နှစ်တိုင်တိုင် အတူတကွ သာသနာပြုဆောင်ရွက်ခဲ့သူများဖြစ်သည်။ သာသနာပြုနေစဉ်မှာပင် မစ္စတာအင်ဂေါလ် ၁၈၅၆ ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။ မစ္စက်အင်ဂေါလ်သည် ၁၈၆၇ ခုနှစ် ရန်ကုန်မြို့ မြန်မာအသင်းတော်ဖွဲ့စည်းရာတွင်လည်းကောင်း၊ သုံးဆယ်မြို့ မြန်မာအသင်း ဖွဲ့စည်းရာတွင်လည်းကောင်း ထင်ရှားအောင်မြင်ခဲ့သူတစ်ဦး ဖြစ်သည်။

၁၈၆၅ ခုနှစ်တွင် မစ္စတာအင်ဂေါလ်၏ဇနီး မစ္စက်အင်ဂေါလ် အမေရိကန်သို့ ပြန်လည်အနားယူမည်ဖြစ်ရာ စောသံပြာလည်း လိုက်ပါခွင့်ရခဲ့လေသည်။ ထိုအချိန်တွင် စောသံပြာသည် ၂၃ နှစ်သာ ရှိသေးသည်။ ဖြစ်သည့်နည်းနှင့် အမေရိကန်သို့ လိုက်လာခဲ့ရသဖြင့် ပထမဦးဆုံးရင်ဆိုင်ရသောအခက်အခဲမှာ စားရေးသောက်ရေးပင် ဖြစ်လေသည်။ ဒုတိယ အခက်အခဲမှာ ပညာသင်ကြားခွင့်ရရေးပင် ဖြစ်လေသည်။ စောသံပြာ အမေရိကန်သို့ ရောက်ပြီးနောက် ပထမဦးဆုံးနယူးယောက်တွင် အခြေချဖြစ်သည်။ ထို့နောက် ဘော်စတွန်သို့ ရောက်လာသည်။

သူ ပထမဦးဆုံးလုပ်ရသောအလုပ်မှာ သတင်းစာရောင်းသော လုပ်ငန်းဖြစ်သည်။ ကျောင်းနေရန် အတွက် သတင်းစာရောင်းရင်း ငွေကြေးစုဆောင်းသည်။ ထို့နောက် မီးရထား ကုမ္ပဏီတစ်ခု၌ မီးရထားလမ်း ဖောက်လုပ်သည့်လုပ်ငန်းတွင် မြေတိုင်းစာရေးအဖြစ် အလုပ်ရသည်။ မီးရထားလမ်းပြီးသောအခါ မီးရထားလမ်းပေါ် ကျော်ဖြတ်သွားတတ်သော ကျွဲရိုင်းများကို ပစ်ခတ်ရသောအလုပ် ရပြန်သည်။ ဤနည်းဖြင့် စောတီသံပြာသည် မိမိကျောင်းစရိတ်ကိုရှာကာ ပညာသင်ကြားခဲ့ရာမှ မန်ချက်စတာတက္ကသိုလ်၌ တက်ရောက်နိုင်ခဲ့လေသည်။ အလုပ်လုပ်ရင်းမှ ပညာကိုဆက်လက်သင်ကြားခဲ့ရာ ၆ နှစ်အကြာ ၁၈၇၁ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို ဆွတ်ခူးရရှိခဲ့သည်။

နောက်ထပ်နှစ်နှစ် ဆက်လက်သင်ကြားခဲ့ပြီး မဟာဝိဇ္ဇာဘွဲ့ကို ထပ်မံရရှိခဲ့ပြန်သည်။ ဘွဲ့ရသောအခါ သူ့အား အလုပ်ခန့်လိုသူများ အများအပြားရှိသော်လည်း မိမိအမျိုးသားကို ပြန်လည် အလုပ်အကျွေးပြုရန် သံန္နိဋ္ဌာန်ချထားသော စောသံပြာသည် မည်သည့်နိုင်ငံသား၏ အလုပ်ကိုမှ လက်ခံခြင်းမပြုခဲ့ပေ။ ဘာသာရေးဆိုင်ရာ စာပေများကို လေ့လာဆည်းပူးခဲ့သည်။

မြန်မာပြည်သို့ ပြန်ရောက်သောအခါ ဗြိတိသျှအစိုးရ၏ အုပ်ချုပ်ရေး ယန္တရားတွင် စောသံပြာအနေဖြင့် ရာထူးရာခံများ ရယူနိုင်သော်လည်း မိမိအမျိုးသားအတွက် သာသနာ အလုပ်ဖြင့် အကျိုးပြုရန်သာ စိတ်ဆုံးဖြတ်ထားသည်။

မြန်မာပြည်သို့ ပြန်ရောက်ပြီးနောက် ဦးစွာပထမ ပဲခူးကရင်အထက်တန်းကျောင်း (ယခု အထက - ၁၊ အလုံ)တွင် ကျောင်းဆရာဝင်လုပ်သည်။ ထို့နောက် မိမိအမျိုးသားအတွက်

စာအုပ်များကို ပြုစုရေးသားခဲ့ရာ စုစုပေါင်း ၂၅ အုပ် ပြုစုနိုင်ခဲ့သည်။

ဤသို့ မိမိအမျိုးသားများအတွက် ပြန်လည်အကျိုးပြုနိုင်ခဲ့သော အခွင့်ထူးကြီးမှာ သူ့အား ပညာရေးလမ်းကြောင်းပေါ် သို့ ပထမဆုံးတင်ပို့ပေးခဲ့သော သာသနာပြုဆရာ ဗင်တန်၏ ကျေးဇူးကြောင့်သာဖြစ်ကြောင်း ဒေါက်တာတီသံပြာ မမေ့ခဲ့ချေ။

ထိုကြောင့် ကျေးဇူးရှင်အတွက် သူကိုယ်တိုင်ဦးဆောင်ပြီး ဗင်တန်ခန်းမဆောင်ကို ဆောက်လုပ်ခဲ့လေသည်။ ဘာသာရေးကိုဆောင်ရွက်ရင်း တစ်ဖက်တစ်လမ်းမှ အမျိုးသားရေးလုပ်ကိုင်ရန် ၁၈၈၁ ခုနှစ်တွင် ဒေါကလူအသင်းကို ဦးဆောင်ဖွဲ့စည်းခဲ့သည်။

ခရစ်ယာန်သာသနာပြန့်ပွားရေးနှင့် စာပေပို့ချမှုလုပ်ငန်းများကို လုပ်ဆောင်ခဲ့သော ဒေါက်တာတီသံပြာအား ဂိုချက်စလာ တက္ကသိုလ်မှ ဘာသာတရားနှင့်ဆိုင်သော ဂုဏ်ထူးပါရဂူ(DD)ဘွဲ့ကို ထပ်မံချီးမြှင့်ခဲ့လေသည်။

ဒေါက်တာတီသံပြာ၏ နာမည်အပြည့်အစုံမှာ Theodore Tha Bya ဖြစ်သည်။

(နိုင်ငံသစ်စာစောင် အမှတ် ၇ မှ "ကရင်အမျိုးသားခေါင်းဆောင်များ၊ ဒေါက်တာတီသံပြာ")



ဥပဒေပြုကောင်စီ၏ ကရင်ကိုယ်စားလှယ် မင်းတိုင်ပင်အမတ် ၇ ဦး

နောက်တန်း - စောသာဒွေး၊ မန်းဘခင်၊ စောပါလာ၊ သရာစံဘော်။   ရှေ့တန်း - စောဘိုးဖံ၊ စောစံစီဖိုး၊ စောပါဒွဲ



# ၁၇။ ဗိုလ်ချုပ်စမစ်ဒွန်း MC

## (မြန်မာနိုင်ငံ၏ ပထမဆုံးစစ်ဦးစီးချုပ်)

ဗိုလ်ချုပ် စမစ်ဒွန်းကို ၁၉၀၆ ခုနှစ် နိုဝင်ဘာ ၁၁ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အင်းရဲကျွန်းရွာ၌ မွေးဖွားခဲ့သည်။ ငယ်အမည်မှာ ဖိုးရေဖြစ်ပြီး သာမန်လက်လုပ်လက်စား တောင်သူလယ်သမား မိသားစုမှ ပေါက်ဖွားလာသူတစ်ဦး ဖြစ်သည်။ မိခင်ဖြစ်သူမှာ သူငယ်စဉ်ကတည်းက ကွယ်လွန်သွားခဲ့ပြီး အစ်မနှင့် အဒေါ်၏လက်တွင် ကြီးပြင်းလာခဲ့ရသည်။

သူ့အဒေါ် အိမ်ထောင်ကျသွားပြီးနောက်တွင် ထိုအဒေါ် နေထိုင်ရာရွာသို့ အတူလိုက်ပါသွားပြီး ထိုရွာရှိ ကရင်စာသင်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ထိုရွာကျောင်းမှ တတိယတန်းအောင်မြင်ပြီးနောက် သူ့ဖခင်က ပုသိမ်မြို့ရှိ ပိုးကရင်နှစ်ခြင်း စာသင်ကျောင်းသို့ ပို့ခဲ့သည်။ ရွာကျောင်းတွင် အင်္ဂလိပ်စာ မသင်ခဲ့ရသဖြင့် ပုသိမ်ကျောင်းတွင် ဒုတိယတန်းမှ ပြန်နေရလေသည်။ သို့သော် ဖိုးရေသည် ကြိုးစားမှုကောင်း၍ တစ်နှစ် နှစ်တန်း တက်ပြီး ဒုတိယတန်းရော တတိယတန်းပါ တစ်နှစ်တည်း နေခဲ့ရသည်။ ပုသိမ် ပိုးကရင်နှစ်ခြင်းကျောင်းမှ သတ္တမတန်း အောင်မြင်ပြီးနောက် အစိုးရကျောင်းတွင် အဋ္ဌမတန်းဆက်လက်ပညာ သင်ကြားခဲ့သည်။

အဋ္ဌမတန်းတွင် စာတော်သောကျောင်းသားတစ်ဦးဖြစ်သော်လည်း ဘားမားရိုင်ဖယ်တပ်မှ စစ်သားစုဆောင်းရေးအဖွဲ့ ပုသိမ်သို့ရောက်လာချိန်တွင် စစ်ထဲဝင်ရန် စာရင်းပေးခဲ့သည်။ အသက်မပြည့် အရပ်အမောင်း သတ်မှတ်ချက်မမီ(ထိုစဉ်က သူ့အရပ်အမောင်းမှာ ၅ ပေ ၂ လက်မခန့်သာရှိ)သော်လည်း ဘားမားရိုင်ဖယ်တပ် က သူ့ကိုလက်ခံလိုက်သည်။ စစ်သင်တန်း တက်ပြီး သုံးလခန့်အကြာတွင် ဖခင်ဖြစ်သူက တပ်ရင်းမှူးထံ အသနားခံကာ လာပြောသဖြင့် တပ်မှ ထွက်ခွင့်ပေးလိုက်သည်။ သို့နှင့် တပ်မှထွက်လာပြီး အဋ္ဌမတန်းကို ဆက်လက်တက်ရောက်ကာ အောင်မြင်ခဲ့သည်။

နဝမတန်းနှစ်ဝက်ခန့်တွင် သူငယ်ချင်းဖြစ်သူ ဟန်ဆန်(စောကြာဒိုး)နှင့်အတူ မေမြို့(ယခုပြင်ဦးလွင်)ရှိ ဘားမားရိုင်ဖယ်တပ်ထဲသို့ ရောက်လာခဲ့သည်။ တပ်ထဲတွင် ဖိုးရေကာ သူ့အမည်ကိုစမစ်ဟု ပြောင်းလိုက်သည်။ စမစ်နှင့်ဟန်ဆန်တို့သည် အခြားသူများထက်စာလျှင် ရာထူးတိုး မြန်ကြသည်။ သင်တန်း ခြောက်လ တက်ပြီးနောက် တင်းပြည့်ကျပ်ပြည့် စစ်သား များဖြစ်လာကြပြီး တစ်နှစ်လျှင် တစ်ရစ် တိုးပေးလိုက်သဖြင့် ၂ နှစ် အကြာတွင် တပ်ကြပ် ရာထူး ဖြစ်လာခဲ့ကြသည်။ ၃ နှစ် အကြာတွင် နှစ်ယောက်စလုံး ဟာဗီဒါ (Havildar)ခေါ် တပ်ကြပ်ကြီးများ ဖြစ်လာကြသည်။ အရည်အချင်းတူ သူငယ်ချင်းနှစ်ယောက်တွင် စမစ်က ဂျာမဒါရာထူးတိုးသွားပြီး ဟန်ဆန်က ဗြိတိသျှ ဆင်းဟတ်စ်စစ်တက္ကသိုလ် (Royal Military College, Sandhurst)သို့ တက်ရောက်ခွင့်ရခဲ့သည်။ စမစ်အတွက်မူ အိန္ဒိယစစ်တက္ကသိုလ် တက်ရန်အတွက် ကြည်းတပ်အထူးအောင်လက်မှတ် စာမေးပွဲအောင်ဖို့ လိုလေသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံ နောင်ဂေါင်း(Nowgong)ရှိ ကစ်ချနာကောလိပ် (Kitchener College) သို့ သွားရောက်ကာ ပညာသင်ကြားခွင့်ရခဲ့သည်။ ကစ်ချနာကောလိပ်တွင် လေးဘာသာ ဂုဏ်ထူးဖြင့်အောင်မြင်ပြီး စတုတ္ထရခဲ့သည်။ ဤသို့ဖြင့် စမစ်သည် ၁၉၃၂ ခုနှစ်တွင် အိန္ဒိယ နိုင်ငံ ဒယ်ရဒွန်းစစ်တက္ကသိုလ် (Indian Military Academy - Dehradun)၏ ပထမအကြိမ် သင်တန်းကို ဆက်လက်တက်ရောက်ခွင့်ရခဲ့သည်။ ၁၉၃၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်နေ့ ကျောင်းဆင်းပွဲတွင် အထူးချွန်ဆုံး ဗိုလ်လောင်းကို ချီးမြှင့်သည့် ဂုဏ်ထူးဆောင် ငွေဓားဆု (Sword of Honour)ကို စမစ်က ရရှိခဲ့သည်။ စစ်တက္ကသိုလ်ဆင်းပြီးနောက်တွင် ဖခင်၏




*အိန္ဒိယနိုင်ငံ ဒယ်ရဒွန်းစစ်တက္ကသိုလ်(IMA-Dehradun)၏ အပတ်စဉ်(၁) ဗိုလ်လောင်း (Gentlemen Cadets-GC) ၄၀ ဦး (၁၉၃၂-၃၄)*
*၁။ ဗိုလ် မာနတ် ရှော (နောင် အိန္ဒိယနိုင်ငံစစ်ဦးစီးချုပ် Field Marshal Sam Manekshaw)၊ ၂။ ဗိုလ် မိုဟာမက် မူဆာ (နောင် ပါကစ္စတန်နိုင်ငံစစ်ဦးစီးချုပ် General Muhammad Musa)၊ ၃။ ဗိုလ် စမစ် ဒွန်း (နောင် ဗမာနိုင်ငံစစ်ဦးစီးချုပ် Lieut General Smith Dun)၊ ၄။ ဗိုလ် ဘာဂ်ဝတီ ဆင်း (အမှတ်စဉ် ၁ ဗိုလ်လောင်း၊ နောင် Maj General K Bhagwati Singh၊ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Madhvendra Singh ၏ ဖခင်)*
*ထိုဗိုလ်လောင်းများထဲမှ ပထမဆုံးဂုဏ်ထူးဆောင်ငွေဓားဆုရခဲ့သူ ဗိုလ်စမစ်ဒွန်းသည် နောင်တွင် ပထမဆုံးအနေဖြင့် နိုင်ငံတစ်နိုင်ငံ၏စစ်ဦးစီးချုပ်ဖြစ်လာခဲ့သည်။*

အမည်ကိုယူပြီး သူ့အမည်ကို စမစ်ဒွန်းဟု သတ်မှတ်ခဲ့သည်။

ထို့နောက် အက်ဂ်ရာ(Agra)ရှိ ဘုရင့် ယော့ခ်ရှိုင်းယား ခြေမြန်တပ်ရင်းကြီး(2nd battalion the Kings Own Yorkshire Light Infantry)၏ တပ်ရင်း ၂ တွင် တစ်နှစ်ခန့် ဘွဲ့လွန်သဘောမျိုး တာဝန်ထမ်းဆောင်ခဲ့ရသည်။ ၁၉၃၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အိန္ဒိယ တပ်မတော်တွင် ခံအပ်ခြင်းခံရပြီး ၁၉၃၆ ခုနှစ် မတ်လ ၉ ရက်နေ့တွင် သူ့သူငယ်ချင်း ဟန်ဆန်ရှိရာ အမှတ် ၁ ပန်ဂျပ် တပ်ရင်းကြီးအောက်ရှိ တပ်ရင်း ၂ (2nd battalion the 1st Punjab Regiment)သို့ ပြောင်းရွှေ့ခဲ့သည်။ ၁၉၃၆ ခုနှစ် မေလ ၄ ရက်နေ့တွင် ဗိုလ် (Lieutenant)ရာထူး တိုးမြှင့်ခံရသည်။

ဒုတိယကမ္ဘာစစ်ကြီးကာလ ၁၉၄၁ ခုနှစ်တွင် စမစ်ဒွန်းကို ဗမာပြည်စစ်ရဲတပ် (Burma Military Police - BMP) တွင် ယာယီတာဝန်ပေးခဲ့သည်။ နောက်ပိုင်းတွင် ဘီအမ်ပီ တပ်များအပြင် ဗမာပြည်နယ်ခြားတပ် (Burma Frontier Force - BFF) တပ်များကိုပါ ကိုယ်စားပြု တာဝန်ယူခဲ့ရသည်။ စစ်အတွင်းတွင် ဗြိတိသျှစစ်တပ်ဆုတ်ခွာရာတွင် တပ်မ ၁၇ (ကြောင်နက်) နှင့်အတူ အထက်မြန်မာပြည်မှတစ်ဆင့် အိန္ဒိယနိုင်ငံ အင်ဖာလွင်ပြင်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုကာလအတွင်း သူ၏စွမ်းဆောင်ရည်ကိုလည်း အသိအမှတ်ပြုခြင်းခံရသည်။ အိန္ဒိယရောက်နေစဉ်ကာလတွင် ကွက်တာ စစ်ဦးစီးကောလိပ် (Staff College at Quetta)သို့ တက်ရောက်ခွင့်ရခဲ့သည်။ ကျောင်းအပြီးတွင် ဗိုလ်ချုပ်ဝင်းဂိတ်နှင့်အတူ လက်စွမ်းပြနေသည့် သူ၏မိခင်တပ်ရင်း အမှတ် ၂၀ ဘားမားရိုင်ဖယ်တပ်ရင်းကြီး၏ တပ်ရင်း ၂ သို့ ပြန်သွားလိုသော်လည်း သူ့ကို တပ်မ ၁၇ သို့သာ ပြန်ပို့ခဲ့သည်။ ဤသို့ဖြင့် စမစ်ဒွန်းသည် ဗိုလ်မှူးရာထူးဖြင့် ဗမာပြည်ထောက်လှမ်းရေးတပ် (Burma Intelligence Corps - BIC) တွင် ဆက်သွယ်ရေးအရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ရသည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီ ၁၇ ရက်နေ့တွင် အမ်စီသူရဲကောင်းဘွဲ့ (MC - Military Cross) ချီးမြှင့်ခြင်း ခံရသည်။

ဒုတိယကမ္ဘာစစ်ပြီးချိန် ၁၉၄၆ ခုနှစ်တွင် ဗိုလ်မှူးစမစ်ဒွန်းကို ဗြိတိသျှတို့က ပုသိမ်တွင် ကရင်သေနတ်ကိုင် တပ်ရင်း ၂ ဖွဲ့စည်းရန် တာဝန်ပေးခဲ့သည်။ ထို့နောက် ဒုတိယ ဗိုလ်မှူးကြီးရာထူး ခန့်ထားသည့် အမိန့်ပြန်တမ်း တရားဝင်မထွက်ခင်မှာပင် ဗိုလ်မှူးကြီးရာထူးဖြင့် ဒုတိယစစ်ဆေးရေးအရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။ တစ်နှစ်မပြည့်မီမှာပင် ဗိုလ်မှူးချုပ်ရာထူးတိုးမြှင့်ခံရပြီး ဗမာ့တပ်မတော်၏ ဒုတိယစစ်ဦးစီးချုပ် (Deputy General Officer Commanding) အဖြစ် ခန့်အပ်ခံရသည်။

၁၉၄၆ ခုနှစ် လန်ဒန်မြို့ ဒုတိယကမ္ဘာစစ်အောင်ပွဲအထိမ်းအမှတ် စစ်ရေးပြ အခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီး ဆာဝီလျံဆလင်းမ်က သတင်းထောက်များကို "ဒါ အရပ် ၄ ပေပဲ ရှိတဲ့ ဗိုလ်မှူးကြီးဒွန်း" ဆိုကာ နောက်ပြောင်ပြီး မိတ်ဆက်ပေးခဲ့ရာ ထိုအချိန်မှစ၍ စမစ်ဒွန်းကို ဗိုလ်မှူးကြီးလေးပေ (four-foot conolel )ဟု အမည်ပြောင် ရခဲ့သည်။

ဗမာပြည် လွတ်လပ်ရေးမရမီ လအနည်းငယ်အလိုတွင် ဗမာ့တပ်မတော်၏ စစ်ဦးစီးချုပ်ရာထူးကို ဗိုလ်ချုပ်သောမတ်စ်ဆီမှ လွှဲပြောင်းရယူပြီး စစ်ဦးစီးချုပ် (GOC - General

Officer Commanding) ဖြစ်လာခဲ့သည်။ လွတ်လပ်ရေးရပြီးချိန်တွင် မြန်မာနိုင်ငံ တပ်မတော်နှင့် ရဲတပ်ဖွဲ့၏ ပထမဆုံးသော စစ်သေနာပတိချုပ် ဖြစ်လာခဲ့သည်။ ဗိုလ်ချုပ် စမစ်ဒွန်းသည် (၄.၁.၄၈ မှ ၃၁.၁.၄၉ အထိ) စစ်ဦးစီးချုပ်တာဝန် ထမ်းဆောင်ခဲ့သည်။ သူ့ငယ်သူငယ်ချင်း ဗိုလ်မှူးချုပ်ဟန်ဆန်ကြာဒိုးမှာလည်း ဗမာပြည်၏ ဒုတိယစစ်ဦးစီးချုပ် ဖြစ်လာခဲ့သည်။ ၁၉၄၉ ဇန်နဝါရီလ ၃ ရက်နေ့တွင် အိန္ဒိယတပ်မတော်က ဗိုလ်ချုပ်စမစ်ဒွန်းကို ဂုဏ်ထူးဆောင် ဗိုလ်မှူးချုပ်ရာထူးဖြင့် အငြိမ်းစားပေးခဲ့သည်။

၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကရင့်တော်လှန်ရေးစတင်ခဲ့ရာ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်းက စစ်ဦးစီးချုပ်ရာထူးကို လွှဲပြောင်းယူခဲ့သည်။ ဖေဖော်ဝါရီ ၂ ရက်နေ့မှစ၍ ဗိုလ်ချုပ်စမစ်ဒွန်းကို ခွင့်ရက်ရှည် အကန့်အသတ်မရှိပေးပြီး ရာထူးမှ ဖယ်ရှားလိုက်ကြသည်။ ဗိုလ်ချုပ်စမစ်ဒွန်းသည် ကလောသို့ ထွက်ခွာရန်အတွက် လေဆိပ်သို့ထွက်လာရာ လေယာဉ်ပြေးလမ်းပေါ် အရောက်တွင် နှစ်လက်မ စိန်ပြောင်း အပါ အဝင် လေယာဉ်ကွင်းကို ကာကွယ်စောင့်ရှောက်နေသော လက်နက်များအားလုံးက သူ့ကို ပစ်ခတ်ရန်ပြင်ဆင်ထားသည်ကိုတွေ့ရသဖြင့် အန္တရာယ်ကြားမှ နောက်ပြန်လှည့်ခဲ့ရသည်။ ထို့ကြောင့် အရပ်ဘက် လူနာတင်ယာဉ်တစ်စီးဖြင့် လေဆိပ်သို့ပြန်လာခဲ့ရသည်။ မူလအစီအစဉ် မိတ္ထီလာမှ ကလောသို့ မသွားတော့ဘဲ မေမြို့မှတစ်ဆင့် မြစ်ကြီးနားသို့ သွားရန်စီစဉ်ခဲ့သည်။ မင်္ဂလာဒုံရှိ သူ့အိမ်မှာလည်း တစ်အိမ်လုံးပွစာကျဲအောင် မွှေနှောက် ရှာဖွေခြင်းခံခဲ့ရပြီး ပစ္စည်းများလည်း အခိုးခံခဲ့ရသည်။

စစ်ဦးစီးချုပ်ရာထူးမှ ဖယ်ရှားခံရပြီးသည့်နောက်ပိုင်းတွင် ဗိုလ်ချုပ်စမစ်ဒွန်းသည် ဗမာပြည်နိုင်ငံရေး အရှုပ်အရှင်းတွင် ပါဝင်ပတ်သက်ခြင်း မရှိတော့ဘဲ တောလိုက်ရင်း ဘဝကို အေးချမ်းစွာဖြတ်သန်းခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ရှမ်းပြည်နယ် ကလောမြို့ နေအိမ်၌ ကွယ်လွန်ခဲ့သည်။

ဗိုလ်ချုပ်စမစ်ဒွန်းရရှိခဲ့သော ဆုတံဆိပ်များမှာ အမ်စီသူရဲကောင်းဆုတံဆိပ် (Military Cross 1946)၊ ၁၉၃၀-၃၁ ဘားမား စာတန်းပါ ၁၉၀၈-၃၅ ခုနှစ် အိန္ဒိယအမှုထမ်း ကောင်းဆုတံဆိပ်(Indian General Service Medal 1908-35, with clasp: Burma 1930-32)၊ ၁၉၃၆-၃၇ အနောက်မြောက်နယ်ခြားဒေသ စာတန်းပါ ၁၉၃၆-၃၉ ခုနှစ် အိန္ဒိယ အမှုထမ်းကောင်းဆုတံဆိပ် (Indian General Service Medal 1908-35, with clasp: Burma 1930-32)၊ ၁၉၃၉-၄၅ ကြယ်ပွင့်ဆုတံဆိပ် (1939-45 Star)၊ ဗမာကြယ်ဆုတံဆိပ် (Burma Star)၊ ၁၉၃၉-၄၅ ခုနှစ် ကာကွယ်ရေးဆုတံဆိပ် (Defence Medal 1939-45)၊ သူရဲကောင်းမှတ်တမ်းဝင် ဝက်သစ်ချရွက်နှင့် ဗြိတိသျှစစ်ဆုတံဆိပ် (British War Medal 1939-45, with oak leaf for Mention in Despatches)တို့ ဖြစ်သည်။